# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ်(ဓမ္မပဒ - ၁၁၆)**


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၀၆၀)


**စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုသည် မည်သို့မျှရရှိနိုင်မည်မဟုတ်**

**ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ထိန်းသိမ်းသွားရန်ခက်ခဲ**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီညှိနှိုင်းစည်းဝေး



**နေပြည်တော် နိုဝင်ဘာ ၂၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်
(သတင်းစဉ်)



## မူဆယ်ဒေသ နယ်မြေတည်ငြိမ်အေးချမ်းလာ၍ နေရပ်စွန့်ခွာတိမ်းရှောင်သူများ နေရပ်သို့ ပြန်လည်ထွက်ခွာ

**မူဆယ် နိုဝင်ဘာ ၂၈**

မူဆယ်မြို့ရှိ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသည့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူများသည် ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိလာပြီဖြစ်၍ ၎င်းတို့၏ဆန္ဒအလျောက် နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာနေကြရာ ကြက်ခြေနီအသင်းများ၊ ပရဟိတအသင်းများ၊ ကျန်းမာရေးဌာနမှ လူနာတင်ယာဉ်များဖြင့် နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိရာ ဟိုမွန်ရပ်ကွက် ခရစ်ယာန်ဘုရားကျောင်း ကယ်ဆယ်ရေးစခန်း၌ ၁၄၂ ဦး၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း(စွမ်းစော်)၌ ၄၉ ဦး၊ နမ့်ခွမ်ဘုန်းတော်ကြီးကျောင်း၌ ရှစ်ဦး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၁၅၁ ဦးနှင့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ၁၁ ဦးသာ ကျန်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန် / ဆက်)**




မြန်မာ့အလင်း

# အသိပညာ မိုးကုတ်စက်ဝိုင်းချဲ့ထွင်ခြင်း

ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို မကြာမီ ကျင်းပတော့မည်။ ကျင်းပမည့်ကာလမှာ ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ၊ ကျင်းပမည့်နေရာမှာ ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အဆောက်အအုံတွင် ဖြစ်သည်။

ချမ်းအေးသည့်ဆောင်းကာလ သဇင်သင်းသည့် လနတ်တော်ကို စာဆိုတော်ရာသီအဖြစ် သတ်မှတ်ကာ စာပွဲသဘင်ကျင်းပကြပြီး စာပေပညာရှိ ကဝိဆရာတို့၏ ဟောပြောမှုများကို ပရိသတ်တို့က နာကြားကြသည့် ဓလေ့မှာ မြန်မာတို့တွင် ရှေးကတည်းက ရှိပြီးဖြစ်သည်။ ယင်းဓလေ့မှ ဆင်းသက်ကာ နှောင်းခေတ်ကာလများတွင်လည်း ခြောက်သွေ့အေးမြသည့်ရာသီဆောင်းရောက်ပြီ ဆိုသည်နှင့် စာပေပညာရှင် စာရေးဆရာ၊ ကဗျာဆရာတို့ မြန်မာပြည်အနှံ့ ကျေးလက်ဒေသများသို့ပါမကျန် သွားရောက်ကာ စာအကြောင်း၊ ကဗျာအကြောင်း၊ သုတအကြောင်း၊ ရသအကြောင်း၊ ဘဝအကြောင်း၊ ဓမ္မအကြောင်း၊ ခေတ်ပြိုင်အကြောင်း၊ အတိတ်သမိုင်းအကြောင်း ဟောကြပြောကြသည်။ ထိုထို ဆရာတို့ ဟောသမျှ ပြောသမျှတို့ကို ဒေသခံစာပေအသိုင်းအဝိုင်း၊ စာပေဝါသနာရှင်များသာမက စာပေနှင့် အလှမ်းဝေးသူများ၊ ကလေးများပါမကျန် လာရောက်နားထောင်ကြသည်။ နာယူကြသည်။

မိမိတို့နိုင်ငံတွင် ပြည်သူက ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီ အစိုးရစနစ် စတင်ပေါ်ပေါက်လာချိန်မှစ၍ တစ်ချိန်က စာအုပ်စာပေများကို စိစစ်ဖြတ်တောက် တားဆီးပိတ်ဆို့မှုများကို ဖယ်ရှားဖြေလျှော့သွားခဲ့ပြီး စာအုပ်စာပေမျိုးစုံတို့ စာပေထုတ်ဝေမှုနယ်ပယ်တွင် အပြိုင်းအရိုင်း ပေါ်ထွက်လာသည်။ တစ်ခေတ်တစ်ခါကမမြင်ဖူး၊မတွေ့ဖူးသည့် အကြောင်းအရာမျိုးစုံ၊ စာအုပ်မျိုးစုံတို့ စာအုပ်ဆိုင်များပေါ်သို့ ရောက်လာသည်။ စာအုပ်ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည်။ သို့တိုင်အောင် စာအုပ်ထုတ်ဝေသူတို့၏ ညည်းညူသံများကိုလည်း ကြားကြရသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားတို့ စာမဖတ်ကြတော့ကြောင်း၊ အရောင်းရဆုံးဟူသော စာအုပ်သည်ပင် အုပ်ရေထောင်ဂဏန်းမျှသာ ရောင်းချရကြောင်း၊ စာမဖတ်ကြသည့် အကြောင်းများစွာအနက် စာအုပ်များ၏ တန်ဖိုးမြင့်မားမှုကြောင့် မဖတ်နိုင်ကြခြင်းနှင့် အင်တာနက် သို့မဟုတ် လူမှုကွန်ရက်သုံးစွဲမှုတို့မှတစ်ဆင့် သိချင်သည်များကို သိနေနိုင်ပြီဟု ယူဆကာ စာဖတ်ရန် စိတ်မဝင်စားကြတော့ခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း ပြောဆိုရေးသားကြမှုများကို ကြားရဖတ်ရသည်။

သို့တိုင်အောင် မကြာမီက ပြန်ကြားရေးဝန်ကြီးဌာနကပင် တာဝန်ယူကျင်းပခဲ့သော စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ပြည်သူများ၏ စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုနှင့် စာအုပ်ရောင်းချရမှုတန်ဖိုးပမာဏတို့က မူလခန့်မှန်းသည်ထက် ပိုမိုများပြားလျက်ရှိသည်ကို တွေ့ခဲ့ကြရပြီးနောက် စာအုပ်ထုတ်ဝေဖြန့်ချိသူများ၏ စာအုပ်ရောင်းချမှုဆိုင်ရာ နည်းဗျူဟာအသစ်များ ကျင့်သုံးလာမှုတို့ကို တွေ့မြင်ခဲ့ရသည်။ အဆိုပါ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်၏ အောင်မြင်မှုက မကြာမီကျင်းပတော့မည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကိုလည်း ပိုမို၍ ထွန်းလင်းတောက်ပစေရန် ထင်ဟပ်စေလိမ့်မည်ဖြစ်သည်။

စာအုပ်စာပေဖတ်ရှုလေ့လာခြင်းသည် အသိပညာမိုးကုတ်စက်ဝိုင်းကို ချဲ့ထွင်ခြင်းဖြစ်သည်။ စာအုပ်စာပေက လူသားတို့၏ ဆင်ခြင်တုံတရား၊ ဉာဏ်အမြော်အမြင်၊ စဉ်းစားတွေးခေါ်မှုတို့ကို မြင့်မားစေနိုင်သည်။ လူသားတို့၏ အသိဉာဏ်ကို ထိန်းချုပ်လိုသူ၊ လိုရာကို စေစားလိုသူ အာဏာရှင်တို့ကမူ စာအုပ်စာပေကို အလိုမရှိကြ။ သို့အတွက်ကြောင့် စာပေ၊ ကျမ်းဂန်များကို မီးရှို့ဖျက်ဆီးခဲ့သူ အာဏာရှင်များ သမိုင်းတစ်လျှောက် အရှေ့ကမ္ဘာတွင်ရော အနောက်ကမ္ဘာတွင်ပါ ရှိခဲ့သည်။ မိမိတို့နိုင်ငံအား ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာရေးတွင် ပြည်သူများ၏ အသိဉာဏ်ပညာရေချိန်မြင့်မားမှုသည် အထူးပင် အရေးပါသည့်အတွက် စာအုပ်စာပေပွဲတော်များ၊ စာပွဲသဘင်များ ကျင်းပခြင်းသည် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်ချက်တစ်ရပ်ကို တစ်တပ်တစ်အား ဖြည့်ဆည်းခြင်းဖြစ်ပါကြောင်း။ ။

# မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာ နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ အကူအညီပေးမှု အခြေအနေအား ဆွေးနွေးရန် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် University of Adelaide တို့၏ ဖိတ်ကြားမှုအရ မြန်မာ့ဆေးဝါးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၁ ရက် မှ ၂၆ ရက်အထိ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩစတြေးလျနိုင်ငံ Adelaide မြို့သို့ နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ရောက်ရှိ၍ University of Adelaide သို့ သွားရောက်ကာ ပါမောက္ခချုပ် Prof Alastair Burt နှင့် Department of Foreign Affair & Trade Global Partner for Developing Country ၏ အစီအစဉ်ဖြင့် Australia Consortium for Myanmar Health (ACMH) Project မှ တာဝန်ရှိသူများဖြစ်သည့် ပါမောက္ခ Dr.Chen Au Peh ,Dr.Julian White,Dr. Afzal Mahmood တို့နှင့် တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုတွင် အရေအတွက်နှင့် အရည်အသွေးပိုင်းဆိုင်ရာ တိုးတက်မှုအတွက် အကူအညီပေးခြင်း၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မြွေဆိပ်ဖြေဆေးသုံးမြင်းများ၏ သေဆုံးမှုနှုန်းကျဆင်းရေးဆိုင်ရာ အကူအညီပေးခြင်းနှင့် မြွေဆိပ်ဖြေဆေးအား ကျေးလက်ဒေသအရောက် ဖြန့်ဖြူးခြင်းဆိုင်ရာတို့အား ၂၀၁၄ ခုနှစ်မှ စတင်ကာ ဩစတြေးလျနိုင်ငံမှ အကူအညီပေးခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြွေဆိပ်ထုတ်လုပ်မှုဌာန (Venom Supply)၊ Jacob Creek ခေတ်မီစပျစ်စိုက်ပျိုးရေး၊ ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းနှင့် မဲလ်ဘုန်းမြို့ Seqirus (CSL)ကုမ္ပဏီသို့ နိုဝင်ဘာ ၂၃ ရက်က သွားရောက်၍ အရည်အသွေးထိန်းသိမ်းမှုဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းသုံးတိရစ္ဆာန်ငယ် မွေးမြူထိန်းသိမ်းမှုတို့ကို လေ့လာခဲ့သည်။

ထို့နောက် မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုဆိုင်ရာ ဆက်လက်အကူအညီပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို / ကာလရှည် သင်တန်းများ စေလွှတ်နိုင်ရေးနှင့်မြွေဆိပ်ဗေဒဆိုင်ရာသုတေသနပြုမှု နည်းပညာအကူအညီပေးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ACMH Project မှ တာဝန်ရှိသူများ၊ ဩစတြေးလျနိုင်ငံ တိရစ္ဆာန်ဆိုင်ရာ ကျန်းမာရေးဓာတ်ခွဲခန်းမှ တာဝန်ရှိသူ Dr.Debbie Eagle, Seqirus (CSL)ကုမ္ပဏီ Vice President Chris Larkins နှင့် ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ဗစ်တိုးရီးယားပြည်နယ် ပါလီမန်အဆောက်အအုံတွင် (Small Business ,Innovative and Trade) ပြည်နယ် အသေးစားစီးပွားရေး၊ တီထွင်ဆန်းသစ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာဝန်ကြီး H.E Phillip Dalidakis နှင့်တွေ့ဆုံ၍ ဩစတြေးလျနိုင်ငံမှ ဝယ်ယူမည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာ မြင်းသွေးရည်ကြည်ထုတ်တစ်ခါသုံး အိတ်ဝယ်ယူမှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးပွဲသို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ထင်သာမြင်သာပြုပြင်စရာ**

# စပါးရိတ်သိမ်းချိန် တောဆင်များ အန္တရာယ်ကြုံ၍ လျှပ်စစ်ခြံစည်းရိုးကာရံပေးရန် ဒေသခံများမျှော်လင့်

တိုက်ကြီးမြို့နယ် ချင်းကုန်းအုပ်စု ကျားချောင်းကျေးရွာတွင် နှစ်စဉ် စပါးရိတ်သိမ်းချိန် တောဆင်အန္တရာယ်ကြုံတွေ့နေရသဖြင့် စပါးခင်းများဆုံးရှုံးခြင်းနှင့် တောင်ယာလုပ်ကိုင်သည့်အခါ ဒေသခံများအနေဖြင့် ဆင်နှင့်တွေ့မည်ကို စိုးရိမ်လျက်ရှိကြောင်း ရပ်မိရပ်ဖများထံမှ သိရသည်။

ကျားချောင်းကျေးရွာတွင် စပါးစိုက်ပျိုးသူ ၃၀ ခန့်ရှိရာ စပါးများရင့်မှည့်ချိန်မှစ၍ တောဆင်များလာရောက် စားသောက်လေ့ရှိပြီး စပါးများဆုံးရှုံးလျက်ရှိသည်။ ယခုနှစ်တွင်လည်း တောင်သူ ဦးသိန်းဇော်နှင့် ဦးမြင့်အောင်တို့ စပါးစိုက်ပျိုးထားသော လယ် ၁၀ ဧကကို ဝင်ရောက်စားသောက်ခဲ့သဖြင့် စပါးများ ဆုံးရှုံးခဲ့သည်။ ၎င်းတို့အနေဖြင့် ဆင်ရန်ကို ကာကွယ်နိုင်ရန် စပါးပင်များမခြောက်မီ ရိတ်သိမ်းပြီး ရွာထဲသို့ သယ်ယူထားရကြောင်း သိရသည်။ လယ်ထဲ၌စပါးမရှိလျှင် ဆင်များရွာထဲလာတတ်သဖြင့် အထူးဂရုစိုက်နေရကြောင်း သိရသည်။

“ပြီးခဲ့တဲ့ညကလည်း ဆင်တွေရွာထဲဝင်မယ်လုပ်လို့ ထွန်စက်တွေ၊ ဆိုင်ကယ်တွေနှိုး၊ မီးတွေထိုး၊ ပြောက်အိုးတွေဖောက် မောင်းထုတ်ခဲ့ရတယ်။ လယ်စောင့်တဲကို နင်းသွားတယ်။ ဆင်က တစ်ကောင်တည်းလည်းလာတယ်။ သုံးကောင်အုပ်လည်းလာတယ်။ တစ်ခါတလေ လေး၊ ငါးကောင်လည်းလာတယ်။ ကျွန်တော်တို့ရွာက တောထဲအလုပ်သွားလုပ်တဲ့ သုံးယောက် ဆင်နဲ့ပက်ပင်းတိုးတာ နှစ်ယောက်က ဆင်နင်းလို့ သေတယ်။ တစ်ယောက်ကတော့လွတ်သွားတယ်”ဟု ရာအိမ်မှူး ဦးအိုက်တူးက ပြောပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးခြံများတွင်လည်း ညဘက်တွင် ဆင်များ ဝင်ရောက်သောကြောင့် အလုပ်သမားများ ဆင်ရန်ကိုကြောက်ပြီး ပြန်သွားကြသဖြင့် အလုပ်လုပ်မည့်သူမရှိကြောင်း ခြံစိုက်ပျိုးသူ ဦးနန်းအောင်က ပြောပြသည်။

နှစ်စဉ် ဆင်ဝင်ရောက်မှုကာကွယ်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သုတေသနအဖွဲ့မှ ဆင်နှင့်လူ ပဋိပက္ခလျော့ကျစေရန် တိုက်ကြီးမြို့နယ် ချောင်းဆောက်ကျေးရွာကဲ့သို့ ကျားချောင်းကျေးရွာနှင့် လယ်ယာမြေများကိုလည်း လျှပ်စစ်ခြံစည်းရိုးကာရံပေးစေလိုကြောင်း သိရသည်။



**ထွန်းလှိုင်**

**အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်**

**ရှောင် နိုဝင်ဘာ ၂၈**

ကျေးရွာတွင်း တစ်နိုင်တစ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်း ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆိုင်ကယ်ပြင်သင်တန်းကို နိုဝင်ဘာ ၂၈ ရက်က ရွာငံမြို့နယ် နန်းခုံကျေးရွာအုပ်စု နန်းခုံကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် နန်းခုံ၊ လွှစင်နှင့် ပဲရင်းတောင်ကျေးရွာမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာ သင်ကြားဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရွာငံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၈-၁၁-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ ・ ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၀ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄ ・ ၅၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၂၆ |
| တရုတ် | တစ်ယွမ် | ၁၈၉ ・ ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၆၅ |

မြန်မာ့အလင်း
၁၂၇၃ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ရှေ့စုံမှ

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်နိုင်ငံလုံးနှင့်ဆိုင်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်တိုင်းပြည်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုဟုလည်း ပြော၍ရပါကြောင်း၊ မိမိတို့ဦးတည်ချက်သည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်သည့် တိုင်းရင်းသားများအားလုံးပါဝင်သည့် ညီညွတ်သည့် နိုင်ငံတော်တစ်ခုဖြစ်မြောက်ရေးနှင့် ခိုင်မြဲရေးပင်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေးကို ကြည့်မည်ဆိုပါက အဘက်ဘက်က ကြည့်ရမည်ဖြစ်ပါကြောင်း၊ ပထမအရေးကြီးဆုံးသည် စည်းလုံးညီညွတ်မှုဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုသည် မည်သို့မျှရရှိနိုင်မည် မဟုတ်ပါကြောင်း။

ဒုတိယအရေးကြီးဆုံးသည် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ထိန်းသိမ်းသွားရန် ခက်ခဲပါကြောင်း၊ ထို့ကြောင့် ယင်းအချက်နှစ်ချက်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ရန်သည် ဗဟိုကော်မတီ၏ တာဝန်ဟု ပြော၍ရပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် သူ့တာဝန်နှင့်သူ ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သူ့တာဝန်နှင့်သူ ရှိပါကြောင်း၊ လုပ်ငန်းများအားလုံးကို ပူးပေါင်းပြီးဆောင်ရွက်နိုင်ရန် မိမိတို့ဗဟိုကော်မတီက ဝိုင်းဝန်းပြီး ကူညီပေးရန်လိုအပ်သည်ဟု မြင်ပါကြောင်း။

ယခုအစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက မိမိတို့၏ စိုးရိမ်မှုများနှင့် လိုအပ်ချက်များကို တင်ပြ၍ရပါကြောင်း၊ ဗဟိုဘက်မှလည်း တစ်တိုင်းပြည်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ရမည်ကို မိမိတို့ဘက်က အကြံဉာဏ်ပေးနိုင်ပါကြောင်း၊ ယင်းကိစ္စရပ်များသည် နီးနှောဖလှယ်၍ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ ခြုံငုံ၍ပြောရမည်ဆိုပါက တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သည့်အခါ နိုင်ငံသူ နိုင်ငံသားများ၊ ပြည်ထောင်စုသားများအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရမည်ဖြစ်ပါကြောင်း။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်တိုင်းပြည်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုဟုလည်း ပြော၍ရ**

**မိမိတို့ဦးတည်ချက်သည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်သည့် တိုင်းရင်းသားများအားလုံးပါဝင်သည့် ညီညွတ်သည့် နိုင်ငံတော်တစ်ခု ဖြစ်မြောက်ရေးနှင့် ခိုင်မြဲရေးပင်ဖြစ်**

မိမိအနေဖြင့် ရေတို ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ ရေရှည်စီမံကိန်းကိုသာ စဉ်းစားပါက ထိထိရောက်ရောက် အကောင်အထည် မဖော်နိုင်သည်ကို တွေ့ရပါကြောင်း၊ ရေတိုစီမံကိန်းကိုသာ စဉ်းစားပါကလည်း ဆက်လက်ခိုင်မာစေရန်နှင့် ဆက်လက်ပြီး ဖွံ့ဖြိုးမှုကို ထိန်းသိမ်းသွားရန် အခက်အခဲရှိပါကြောင်း၊ ရေတိုရေရှည် စီမံကိန်းများ ဆောင်ရွက်သည့်နေရာတွင်လည်း ဆက်စပ်မှုရှိရန် လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်အားလုံးသည် ရေတိုရေရှည် စီမံကိန်းများအနေဖြင့် မည်သည့်ကဏ္ဍများကို လုပ်သင့်သည်ကို စဉ်းစားပြီး ဝိုင်းဝန်းအကြံပေးရန် လိုအပ်ပါကြောင်း။

ယခုအစည်းအဝေးတွင် ဦးတည်ဆုံးဖြတ်လိုသည်မှာ ဗဟိုကော်မတီသည် ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်ပုံစံဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များက တင်ပြစေလိုပါကြောင်း၊ တင်ပြချက်များအပေါ် အခြေခံ၍ ဗဟိုအစိုးရက မည်သို့ပံ့ပိုးပေးရမည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဗဟိုအစိုးရအကြားတွင် ပူးပေါင်းဆောင်ရွက်မှုသည် မျှော်လင့်သလောက် လိုချင်သလောက် ပီပီပြင်ပြင်မရှိဘဲ ဖြစ်နေပါကြောင်း။

ထို့ကြောင့် စဉ်ဆက်မပြတ် ထိတွေ့မှုရှိစေရန် အလုပ်များဆောင်ရွက်ရာတွင် တစ်ဖက်နှင့်တစ်ဖက် ဆက်သွယ်၍ ဆွေးနွေးသင့်သည်များကို မြန်မြန်ဆွေးနွေးပြီး ဆုံးဖြတ်သင့်သည်များကို မြန်မြန်ဆုံးဖြတ်နိုင်ရန် ဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းကို ဆွေးနွေးအကြံပြုစေလိုပါကြောင်း။

အရေးကြီးဆုံးကိစ္စမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်သည့်ပုံစံဖြင့် ပံ့ပိုးပေးနိုင်မည်၊ မည်သည့်ပုံစံဖြင့် တွန်းအားပေးနိုင်မည်၊ မည်သည့်ပုံစံဖြင့် ဖြည့်ဆည်းပေးနိုင်မည်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက အကြံပြုချက်များ ပေးစေလိုကြောင်း၊ အဆိုပါ အကြံပြုချက်များအပေါ် အခြေခံ၍ NRPC နှင့် ဗဟိုကော်မတီတို့ မည်သို့ပူးပေါင်းဆောင်ရွက်နိုင်မည်ကို ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဗဟိုကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဗဟိုကော်မတီဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ၊ မူဝါဒ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်၊ သမိုင်းကြောင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်း ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးရဲနိုင် | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

# မြန်မာနိုင်ငံစိတ်ပညာအသင်းမှ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းသင်တန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ စိတ်ပညာအသင်းသည်အသင်း၏ ရည်မှန်းချက်တစ်ခုဖြစ်သော လူတိုင်းအတွက် စိတ်ပညာ (Psychology for Everyone Program)အရ အသုံးချပညာဆိုင်ရာ ရက်တိုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိသည်။

လာမည့် ဒီဇင်ဘာ ၁၇၊ ၁၈ ရက်များတွင်လည်း လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကုမ္ပဏီအစုအဖွဲ့နှင့် လူတစ်ဦးချင်းစီတို့အတွက် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း (Test and Assessment)သင်တန်းကို တတိယအကြိမ်မြောက်အဖြစ် စိတ်ပညာဌာနမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများက ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ စိတ်ပညာအသင်း ရုံးခန်းအမှတ် (၂၁)၊ ၉ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၁၊ ၀၉-၅၀၀၁၁၂၃ တို့သို့ အချိန်မီဆက်သွယ်၍ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။**(မိုး/ဇလ)**

# ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ပြည်ထောင်စုလွှတ်တော် (D)ဆောင်၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီနှစ်ရပ်မှ ကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# (၁၆)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးသည် (၁၆)ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ပြီးနောက်ပိုင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ တယ်လီဖုန်း အသုံးပြုနိုင်မှုသည် ၂၀၁၀-၂၀၁၁ ခုနှစ်က ၁၀ ရာခိုင်နှုန်းအောက်သာရှိခဲ့ရာမှ ယခုအချိန်တွင် ၉၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်သုံးစွဲလာနိုင်ပြီဖြစ်ကြောင်းနှင့် ကျေးလက်ဒေသများအထိ ဆက်သွယ်မှုရရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိုင်စီတီကဏ္ဍတိုးတက်လာသည်နှင့်အမျှ Cyber လုံခြုံရေးကိစ္စရပ်များသည်လည်း မဖြစ်မနေ အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးအနေဖြင့်လည်း တွန်းအားပေးဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။




အဆိုပါ အစည်းအဝေးကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့် အာဆီယံဆက်သွယ်ရေးကဏ္ဍ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာကိစ္စရပ်များအပေါ် အမြင်များဆွေးနွေးဖလှယ်ခြင်း၊ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု ထုတ်ပြန်ခြင်း၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)နှင့် အာဆီယံနိုင်ငံများအကြား ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ဘရူနိုင်းကြေညာစာတမ်းထုတ်ပြန်ခြင်းနှင့် ASEAN ICT Award ၂၀၁၆ အတွက် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဘရူနိုင်းဒါရုဆလမ် ဘုရင်မင်းမြတ်နှင့် အိမ်ရှေ့မင်းသားတို့အား အာဆီယံ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့်အတူ တွေ့ဆုံခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးနှင့် သီးခြားတွေ့ဆုံ၍လည်း ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● ကျောဖုံးမှ

ဆက်လက်၍ ဒုတိယသမ္မတက ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ ပုဂ္ဂလိကလုပ်ငန်းများကို နိုင်ငံ့စီးပွားရေးတွင် လွတ်လပ်စွာ ပါဝင်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်းလျှော့ချပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍရှိ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ၏ အခန်းကဏ္ဍများကပါ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် ထိုးဖောက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ဖန်တီးနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍများရှိ လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် အသင်းအဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် အနာဂတ်ကာလတွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်ရမည့် စီးပွားရေးအင်အားစုကြီးဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာ အရေးကြီးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် လွန်စွာ ကျယ်ပြန့်သည့်အတွက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ကို ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး မဏ္ဍိုင်၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးမဏ္ဍိုင်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍ ပြန်လည်ရေးဆွဲရေးမဏ္ဍိုင်နှင့် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေး မဏ္ဍိုင်တို့ကို အခြေတည်ရေးဆွဲခဲ့ပါကြောင်း၊ မဏ္ဍိုင်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည် ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီများတွင် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်ဖွဲ့စည်းရန် လျာထားပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍစီးပွားရေးလုပ်ငန်းများနှင့် မကြာခဏ ထိတွေ့ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအတွက် ဘက်စုံထောင့်စုံမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကော်မတီ၏ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းကော်မတီများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဖေဇင်ထွန်း၊ ဦးအုန်းမောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများက ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

(သတင်းစဉ်)



## ပုဂံဒေသခံကလေးငယ်ကိုးဦးအား ဥရောပခရီးသွားအဖွဲ့က ရှင်ပြုနားသပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၈

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ ခေတ်ဟောင်းမော်တော်ယာဉ် ၁၇ စီးဖြင့် အလည်အပတ်ရောက်ရှိနေသော ဥရောပခရီးသွား ၄၂ ဦးအဖွဲ့က နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပုဂံမြို့ဟောင်း တောင်ဘီလယ်ယာကျေးရွာရှိ ဒေသခံကလေးငယ်ကိုးဦးအား ရှင်ပြုနားသအလှူတော်မင်္ဂလာပွဲ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အလှူတော်မင်္ဂလာပွဲကို နံနက် ၉နာရီခွဲက ပုဂံမြို့ဟောင်း သရပါဂိတ်မုခ်တင်၍ တောင်ဘီလယ်ယာကျေးရွာ နတ်ထောင့်ဘုန်းတော်ကြီးကျောင်းအထိ အိုးစည်ဒိုးပတ်များဖြင့် ဦးရွှေရိုးအက၊ ကျောက်ဆည်ဆင်အကများဖြင့် မြန်မာ့ရိုးရာထုံးတမ်းစဉ်လာနှင့်အညီ စီတန်းလှည့်လည်ကြသည်။

ထို့နောက် နတ်ထောင့်ဘုန်းတော်ကြီးကျောင်း၌ ရှင်လောင်းငါးပါးနှင့် နားသငါးပါးတို့အား ဆံချခြင်းနှင့် သင်္ကန်းစည်းခြင်းများဆောင်ရွက်ခဲ့ကြပြီး အလှူပွဲသို့လာရောက်ကြသည့် ဧည့်ပရိသတ်များအား ငါးခြောက်ထိုး၊ ပဲဟင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)




## မသန်စွမ်း ဝှီးချဲတွန်းသူများအဖွဲ့ ချောင်းဦးမြို့သို့ ရောက်ရှိ

ချောင်းဦး နိုဝင်ဘာ ၂၈

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့မှ မန္တလေးမြို့အထိ ဝှီးချဲတွန်းကာ သန်စွမ်းမှုစွမ်းရည်ပြသကြသည့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် ပြင်ဦးလွင် မျက်မမြင်ကျောင်းမှ မသန်စွမ်းသူများအဖွဲ့၏ ဒုတိယမြောက်နေ့အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့သို့ နိုဝင်ဘာ ၂၈ ရက် နံနက်က ရောက်ရှိခဲ့ကြောင်း သိရသည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ပြင်ဦးလွင် မျက်မမြင်ကျောင်းမှ မသန်စွမ်းသူများအဖွဲ့ကို ချောင်းဦးမြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများက လိုအပ်သည့်အကူအညီများကို ထောက်ပံ့ကူညီခဲ့ကြသည်။

မသန်စွမ်းသူများ၏ သန်စွမ်းမှုစွမ်းရည်ပြပွဲအဖွဲ့တွင် အမြင်အာရုံချို့တဲ့သူ ၁၈ ဦးပါဝင်ပြီး စက်ဘီး နှစ်စီးနှင့် ဝှီးချဲ ၂၆ စီး ပါဝင်ကာ နိုဝင်ဘာ ၂၈ ရက်က မုံရွာမြို့မှ ထွက်ခွာလာခြင်းဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိခရီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မသန်စွမ်းသူများအဖွဲ့၏ အနုပညာဖျော်ဖြေပွဲကို ညပိုင်းတွင် ချောင်းဦးမြို့အနော်ရထာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယုယု (ပြန်/ဆက်)

✻ ကျောဖုံးမှ

အောင်သူသည် ယခုပြိုင်ပွဲတွင် မြန်မာအသင်းတိုက်စစ်၌ အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်ပြီး ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့နှင့် ပွဲတွင် တစ်ဂိုးစီသွင်းယူခဲ့သည်။ မလေးရှားနှင့် အုပ်စုနောက်ဆုံးပွဲတွင် ပယ်နယ်တီလွဲချော်ခဲ့သော်လည်း မလေးရှားခံစစ်ပိုင်းကို အချိန်ပြည့်ဖိအားပေးနိုင်ခဲ့သည့် အသက် ၂၀ အရွယ်ရှိ လူငယ်တိုက်စစ်မှူးဖြစ်သည်။

ဝါရင့်နောက်ခံလူ ဇော်မင်းထွန်းသည် ယခုပြိုင်ပွဲတွင် မြန်မာအသင်းခံစစ်ပိုင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သကဲ့သို့ ဂိုးရရှိရေးအတွက်ပါ ပံ့ပိုးဖြည့်ဆည်းပေးနိုင်သူဖြစ်သည်။ ကမ္ဘောဒီးယားအသင်းနှင့်ပွဲတွင် အရေးပါသည့်ချေပဂိုးနှင့် ဒုတိယဂိုးတို့ကို သွင်းယူခဲ့သူဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတစ်လျှောက်တွင် ဆီမီးဖိုင်နယ်သို့ ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

တနိုင်း နိုဝင်ဘာ ၂၈

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးရည်ရွယ်၍ မြို့နယ်လျှပ်စစ်ဦးစီးဌာနမှူး ဦးဝင်းကိုဦးနှင့် ဝန်ထမ်းများစုပေါင်း၍ နိုဝင်ဘာ ၂၅ ရက် နံနက်က မြို့နယ်စည်ပင်သာယာဈေး၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် မြို့နယ်အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

## အရည်အသွေးကောင်းမျိုးစေ့ထုတ်လုပ်ပွားများ စိုက်ပျိုးနိုင်ရန် ဖိတ်ခေါ်

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ကာ အကျိုးအမြတ်ရရှိရေးအတွက် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းမြင့်မား၍ အရည်အသွေးကောင်းမွန်သော စပါးသီးနှံအပါအဝင် သီးနှံများ၏ မျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပွားများပြီး လွယ်လင့်တကူ ရယူစိုက်ပျိုးနိုင်ရေးမှာ အထူးပင် လိုအပ်လျက်ရှိသည်။

**ဆောင်ရွက်သွားမည်ဖြစ်**

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် အရည်အသွေးကောင်းသီးနှံများထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်ပိုင် ခြံ/ စိုက်ကွင်းများမှ ထုတ်လုပ်ခြင်း၊ နိုင်ငံတော်ပိုင်ခြံ/ စိုက်ကွင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ခြင်း၊ တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းများထူထောင်၍ မျိုးစေ့ထုတ်လုပ်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

အရည်အသွေးမီ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် မျိုးစေ့ထုတ်လုပ်မှုနည်းပညာများအား စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး မျိုးစေ့ထုတ်အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူများအတွက် မျိုးစေ့ထုတ်လုပ်ငန်းများတွင် လိုအပ်သောထွန်ယက်ရေးစက်ကိရိယာများ၊ အခြောက်ခံစက်များ၊ မျိုးစေ့သန့်စင်စက်များ၊ မျိုးစေ့သိုလှောင်ရုံနှင့် ထုပ်ပိုးစက်များအား အလွယ်တကူဝယ်ယူရရှိအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာလယ်ယာသုံးစက်ကိရိယာအရောင်းကုမ္ပဏီများ၊ ပြည်တွင်းအရောင်းစင်တာများနှင့် ချိတ်ဆက်နိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်သည့်အပြင် လိုအပ်သောငွေကြေးအရင်းအနှီးများအား ချေးယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမည်လည်း ဖြစ်ပါသည်။

**ဆက်သွယ်ဆောင်ရွက်နိုင်**

သို့ဖြစ်၍ မျိုးစေ့ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ နေပြည်တော်ရုံးချုပ်၊ ဖုန်းနံပါတ် ၀၆၇-၄၁၀ ၂၃၉/၄၁၀၅၆၈ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို ထောင်ဒဏ် နှစ် ၂၀ အပြစ်ပေးနိုင်ကြောင်း သိရှိနိုင်စေရန်နှင့် အသိပညာပေးရန်ဆုံးဖြတ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်များပိုမိုများပြားလာခြင်းကြောင့် ပြည်သူလူထုစိတ်နှလုံးမချမ်းမြေ့ဖွယ်ဖြစ်ရပြီး မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသဖြင့် နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ လူမှုဘဝများလုံခြုံရေးအတွက် သက်ငယ်မုဒိမ်းမှုများ ဖြေရှင်းဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်ရှိ ဝန်ကြီးရုံးစုပေါင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ယင်းသို့ပြောကြားရာတွင် လတ်တလောဖြစ်ပွားနေသော သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ကျူးလွန်ခံရသောကလေးသူငယ်များအတွက် ကျန်းမာရေး၊ စိတ်ပိုင်း၊ ရုပ်ပိုင်းစောင့်ရှောက်မှုနှင့် ဥပဒေကြောင်းအရကူညီပံ့ပိုးရေးတို့ကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဖြေရှင်းနိုင်ရေး ဆွေးနွေးပြောကြားသည်။ အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၊ နေပြည်တော်ကောင်စီ၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာရှိကြီးများတက်ရောက်ခဲ့ကြပြီး ညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုအစီအစဉ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သက်ငယ်မုဒိမ်းမှု ဖြေရှင်းဆောင်ရွက်ရေးဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြခြင်း၊ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ရေးနည်းလမ်းများ အဆိုပြုတင်ပြခြင်းနှင့် ယင်းအဆိုပြုချက်အပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။



သက်ငယ်မုဒိမ်းမှုများသည် ဖြစ်စဉ်များအရကျေးလက်ဒေသများတွင် အများဆုံးဖြစ်ပွားလျက်ရှိသကဲ့သို့ မြို့များတွင်လည်း မြို့စွန်ရပ်ကွက်များ၌ အများဆုံးဖြစ်ပွားလျက်ရှိနေသည်။ သို့ဖြစ်၍ သက်ငယ်မုဒိမ်းမှုများပပျောက်စေရေးအတွက် ရဲတို့၊ ရေရှည်လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရန်နှင့် ကျေးရွာများအထိ အသိပညာပေးမှုလုပ်ငန်းများကိုအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများနှင့် လူမှုအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ပေးခြင်း၊ လူစည်ကားရာ ဈေး၊ ကားဂိတ်၊ ရေဆိပ်စသည့်နေရာများတွင် အသိပညာပေးဆိုင်းဘုတ်များထူထောင်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများဆောင်ရွက်သွားရန်၊ အဆိုပါသက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို ထောင်ဒဏ် နှစ် ၂၀ အထိ ပြစ်ဒဏ်ပေးနိုင်ကြောင်း သိရှိစေရန် အသိပညာပေးကြရန် ဆွေးနွေးဆုံးဖြတ်ပြီး ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများကို ဆက်လက်အကောင်အထည်ဖော်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မန်းရွှေစက်တော် မန်းချောင်းအတွင်း သင်ပုတ်ပလ္လင်တစ်ခု တွေ့ရှိ

**မင်းဘူး နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီက သင်ပုတ်ပလ္လင်တစ်ခုကို မန်းရွှေစက်တော်ဘုရားပွဲအတွက် သောင်ပြင်ဆင်ရေးလုပ်ရာမှ မြေထိုးစက်များဖြင့် မြေများသယ်ပို့စဉ် မန်းရွှေစက်တော် ရဲကင်းတည့်တည့် သောင်ပြင်အလယ်မှ အမရပူရခေတ် သင်ပုတ်ပလ္လင်တစ်ခု တွေ့ရှိရကြောင်း သိရသည်။



အဆိုပါသင်ပုတ်ပလ္လင်မှာ သဲကျောက်ကို ထုလုပ်ထားပြီး အမြင့် ၁၈ လက်မ လုံးပတ် ၃၈ လက်မနှင့် အချင်း ၁၈ လက်မရှိကြောင်း သိရသည်။ အောက်စက်တော်ရာမှာ ယခင်က ထားရှိခဲ့သည်ဟုယူဆရပြီး ရေစီးနှင့် နစ်မြုပ်ခဲ့ရာမှ ယခုလို တူးဖော်တွေ့ရှိရကြောင်း သိရသည်။

၁၁၈၂ နှစ် ဝန်းကျင်မှ သဲကျောက်ကို ထုလုပ်ထားသော ဆင်ရုပ်ခံမီးတိုင်များ၊ ကျောက်ထီးအစအနများကိုလည်း ၂၀၁၃ ခုနှစ်က ရွှေစက်တော်သောင်ပြင်မှာ တွေ့ရှိ၍ သိမ်းဆည်းထားကြောင်း သိရသည်။ ထို့ပြင် ၂၀၀၉-ခုနှစ် က ဘုရားပွဲတော်အချိန်တွင် ရေငုပ်သမား ကိုဆင်ပေါက်နှင့်အဖွဲ့တို့ မန်းချောင်းအတွင်း ရေငုပ်ရာမှ လူလေးဦးခန့် မယူရလောက်သည့် သဲကျောက်သပိတ်ကြီးတစ်လုံးကိုလည်း တွေ့ရကြောင်း သိရသည်။

"အခု တွေ့ရတဲ့ သင်ပုတ်ပလ္လင်က ခြေတော်ရာကို ပူဇော်ဆွမ်းကပ်လှူပြီး ဆွမ်းတွေစွန့်ဖို့ ပြုလုပ်ထားတဲ့ ပလ္လင်ဖြစ်ပါတယ်။ အရင်တွေ့ရှိခဲ့တဲ့ ပစ္စည်းတွေနဲ့အတူ ရွှေစက်တော်ရှေးဟောင်းပစ္စည်းစာရင်းမှာထည့်သွင်းပြီး အများပြည်သူ ဘုရားဖူးတွေလေ့လာနိုင်ဖို့ ပြသထားပါမယ်" ဟု သမိုင်းသုတေသီ ဂေါပက ဦးကျော်စိန်ဝင်းက ပြောသည်။

**သန်းဌေး(မင်းဘူး)**

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၃၅ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ (နဝမမြောက်နေ့) တွင် ကျောက်စိမ်းအတွဲအမှတ် ၅၉၂၃ မှ ၅၉၅၇ အထိ အတွဲပေါင်း ၃၅ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့သည်။



အဆိုပါကျောက်စိမ်းအတွဲ ၃၅ တွဲအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချရာတွင် ဝယ်ယူသူများ အဆင်ပြေစေမှုရှိစေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။

ယခုပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၄၃၉ တွဲတွင် ၄၄ တွဲ ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲပေါင်း ၅၉၈၈ တွဲကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့်ရောင်းချရာ နိုဝင်ဘာ ၂၆ ရက်အထိ ကျောက်စိမ်းအတွဲ ၃၀၀၈ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

ပြပွဲဒသမနေ့(နောက်ဆုံးနေ့) တွင်လည်း ကျောက်စိမ်းအတွဲ ၃၁ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**မီးဘေးအန္တရာယ် ကာကွယ်ရေး သတိပေးချက်**

၁။ မီးလောင်မှုဖြစ်ပွားလျှင်ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကိုအကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်း၌ D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**



# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ၁၃၇၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက အလှူငွေ စုစုပေါင်းငွေကျပ် ၁၄၃ သိန်းကျော်နှင့် တန်ဖိုးငွေကျပ် ၄၁ သိန်းကျော်ရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

# စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲနှင့် စာဆိုတော်နေ့အခမ်းအနားကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၈**

မန္တလေးမဟာအောင်မြေမြို့နယ် ၁၃၇၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီ ခွဲက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၄၂ လမ်း ၈၁ လမ်းထောင့်ရှိ မြို့နယ်စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာ ဦးရာစိုး (ရာစိုး-လူမှု)ကစာဆိုတော်နေ့ သက်ကြီး စာပေပညာရှင်များအား ကန်တော့ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၇၅ နှစ်အထက် သက်ကြီးစာပေပညာရှင်ဆရာကြီး ဆရာမကြီး ၁၇ ဦးအား စုပေါင်းကန်တော့ပြီး ကန်တော့ပစ္စည်းများ ပေးအပ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်ပါမှ မြန်မာ့လူမှုဘဝပို၍လှ

**ဒေါက်တာ ဝါဝါမောင် (စီမံ / ဘဏ္ဍာ)**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏အခြေအနေအလိုက် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ချမှတ်ကျင့်သုံး ဆောင်ရွက်လျက်ရှိကြသော်လည်း တစ်ခုတည်းသော တူညီသည့်ရည်မှန်းချက်မှာ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ်ရာမှာသော်လည်းကောင်း၊ လက်တွေ့ကျသည့် စီမံကိန်းများရေးဆွဲရာမှာ သော်လည်းကောင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများအား စောင့်ကြည့်အကဲဖြတ်ခြင်း၊ ခိုင်မာသည့် အခြေခံစာရင်းအင်း အချက်အလက်များသည် အလွန်အရေးကြီးကြောင်းကိုလည်း နိုင်ငံအားလုံးမှ ယုံကြည်လက်ခံထားပါသည်။ သို့ဖြစ်၍ နိုင်ငံတိုင်းလိုလိုက စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

စိတ်ချယုံကြည်ကိုးစားရသည့် စာရင်းအင်းများ မရှိခြင်းသည် ရှားပါးသော သယံဇာတခွဲဝေမှုများအား မှားယွင်းစေနိုင်ခြင်း၊ မူဝါဒ ဆုံးဖြတ်ချက်များအား မှားယွင်းစေနိုင်သည့်အတွက် ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ စာရင်းအင်း မှန်ကန်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုမရှိပါက ထို့ထက် ပိုမိုကုန်ကျစရိတ်ကြီးမားသည့်၊ မှားယွင်းသည့်မူဝါဒများနှင့် အကောင်အထည်ဖော်မှုများ ဖြစ်ပေါ်စေနိုင်သည်ဟု ပညာရှင်များက ဆိုကြသည်။

အလားတူပင် မြန်မာနိုင်ငံတွင် စာရင်းအင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အချိန်တစ်ခုကို ရောက်ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စာရင်းအင်း အရည်အသွေးပြည့်ဝမှု မြှင့်တင်နိုင်ရေးကို ပိုမိုအားကောင်းလာစေမည့် စာရင်းအင်းဥပဒေအသစ် (မူကြမ်း)ကိုလည်း ပြင်ဆင်ရေးဆွဲခဲ့ပြီး လွှတ်တော်သို့တင်ပြထားပြီးဖြစ်ပါသည်။ ထို့အပြင် စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief) နှင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ ( National Strategy for Development of Statistics-NSDS) ကိုလည်း ရေးဆွဲကာ စတင်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်သည့်အတွက် တရားဝင်စာရင်းအင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်တော့မည်ဖြစ်ပါသည်။

**စာရင်းအင်းအရည်အသွေးပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျမှန်ကန်စေရေးအတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ညွှန်းကိန်းများကို ပြည့်စုံအောင်တွက်ချက်ဆောင်ရွက်နိုင်မည့် အရည်အသွေးရှိသည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်မှာ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်**

အမျိုးသားအဆင့်တွင် ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူက နာယကအဖြစ်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဦးဆောင်သည့် စာရင်းအင်း အချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီအား ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကော်မတီအောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးဝန်ကြီးများအနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင်လည်း ကော်မတီများဖွဲ့စည်းပြီး ဗဟိုနှင့်ပေါင်းစပ်ညှိနှိုင်းကာ ဒေါင်လိုက်ပူးပေါင်းမှု (Vertical Cooperation)အား ဆောင်ရွက်ရန်ဖြစ်ပါသည်။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics- NSDS) အကောင်အထည်ဖော်ရေးအတွက် စာရင်းအင်းနယ်ပယ်အလိုက် NSDS လုပ်ငန်းအဖွဲ့ ရှစ်ဖွဲ့ ပါဝင်ပြီး စာရင်းအင်းအချက်အလက်များ အရည်အသွေးပြည့်ဝစေရေးအတွက် အလျားလိုက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း ယန္တရား ( Horizontal Cooperation) အားထူထောင်ဆောင်ရွက်ကာ ဗဟိုစာရင်းအဖွဲ့မှ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးမှာ အလွန်အရေးပါပါသည်။ သို့ဖြစ်၍ စာရင်းအင်း အရည်အသွေးပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ်ပြည့်စုံတိကျမှန်ကန်စေရေးအတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ညွှန်းကိန်းများကို ပြည့်စုံအောင်တွက်ချက်ဆောင်ရွက်နိုင်မည့် အရည်အသွေးရှိသည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်မှာ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။

အမျိုးသားစာရင်းအင်းဆိုင်ရာ မူဝါဒတစ်ရပ်လည်းဖြစ်ပါသည်။ အမျိုးသားစာရင်းအင်းစနစ်ဆိုသည်မှာ တရားဝင်စာရင်းအင်းများ (Official Statistics)ကို ပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြသော စနစ်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် နိုင်ငံတော်အစိုးရမှ ထုတ်ပြန်သည့် စာရင်းအင်းအချုပ်ပင် ဖြစ်ပါသည်။ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်ပါသည်။

နိုင်ငံဖွံ့ဖြိုးစေဖို့ အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သော၊ ခိုင်မာသော စာရင်းအင်းများဖြစ်စေရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေး အခြေအနေများကို ထင်ဟပ်နိုင်သော စာရင်းအင်း အချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ ပြည်သူတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းရန် လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင် ဆောင်ရွက်သည့်နေရာတွင်လည်း အရည်အသွေးရှိသော စာရင်းအင်းများသည် မရှိမဖြစ်အရေးပါသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် ကဏ္ဍများ၊ နေရာဒေသများ၊ ဦးစားပေးအဖြစ် ရှာဖွေဖော်ထုတ်ရန်လည်း အလွန်အရေးပါပါသည်။

သို့ဖြစ်၍ "စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး" အတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များကို ပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ပြည့်စုံစေရန်အတွက် အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း စသည့် လုပ်ငန်းစဉ်များအား ထိရောက်၍ စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ရန်လိုအပ်ပါသည်။ စာရင်းအင်း အခြေခံသဘောတရားနှင့် နည်းလမ်းများ၊ အချက်အလက်များအား ကောက်ယူပုံနှင့်တိကျမှန်ကန်မှုမှာ အရည်အသွေးရှိသော ကိန်းဂဏန်းများ ရရှိစေရေးအတွက် အဓိကကျပေသည်။




မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်းနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချက်အလက်များရရှိစေရန် စစ်တမ်း (Survey)များ ကောက်ခံဖို့လိုအပ်သလို ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ်အချက်အလက်များပါ မှတ်တမ်းများတွင် ပါဝင်စေနိုင်ရေးသည်လည်း အရေးပါပါသည်။ အများအားဖြင့် စာရင်းအင်းများ စနစ်တကျစုစည်းရေးသွင်း မှတ်သားခြင်း ကိစ္စရပ်အား အပိုအလုပ်သဖွယ် ထင်မြင်နေတတ်သည့် အယူအဆ၊ အလေ့အကျင့်များအား ပယ်ဖျောက်ပြီး မိမိတို့လူ့အဖွဲ့အစည်းအနေဖြင့် ဆန်းစစ်မှုများ ဆောင်ရွက်တတ်စေရန် စာရင်းအင်းဆိုင်ရာ အသိပညာ (Statistical Literacy)ကို ဌာနဆိုင်ရာများမှာသာမက အများပြည်သူနှင့် ပုဂ္ဂလိကစီးပွားရေး အဖွဲ့အစည်းများ အကြားမှာပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရဦးမည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ခြင်းကြောင့် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အချိန်၊ ငွေကြေးနှင့် လူအင်အားစသည့် အကန့်အသတ်နှင့် တည်ရှိသည့် ရင်းမြစ်များအကြား တတ်နိုင်သမျှရင်းနှီးမြှုပ်နှံကာ အထိရောက်ဆုံး အသုံးချနိုင်ရေးမှာ အရေးကြီးပါသည်။ သို့မဟုတ်ပါက လက်တွေ့ကျသည့် မူဝါဒနှင့် စီမံကိန်းများ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော်အတွက် ပိုမိုတိကျမှန်ကန်သည့် စာရင်းအင်းများရရှိနိုင်ရေးအပေါ် သက်ရောက်မှုရှိနိုင်ပြီး ပို၍ကြီးမားသည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ ရလဒ်ပြန်ရချက်မှာလည်း ကြီးမားပါသည်။

မြန်မာပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည့် ပိုမိုကောင်းမွန်သော စာရင်းအင်းများ ထုတ်ပြန်ခြင်းနှင့် အသုံးပြုခြင်းအတွက် အစိုးရဌာနအသီးသီးအနေဖြင့် မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာဖို့ တွန်းအားပေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ သုတေသန အဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်းနှင့် သတင်းမီဒီယာများ အားလုံး Stakeholder အဖြစ် ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ စာရင်းအင်းကဏ္ဍ တိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစစ်တမ်းကောက်ခံခဲ့သလို လုပ်သားအင်အားစုစစ်တမ်းလည်း ကောက်ခံခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်ခဲ့သည့် မြန်မာစီးပွားရေးလုပ်ငန်းများ စစ်တမ်း ( Myanmar Business Survey-2015) အစီရင်ခံစာလည်း ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် မကြာမီတွင် ထုတ်ပြန်တော့မည် ဖြစ်သကဲ့သို့ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (Myanmar Living Condition Survey) ကိုလည်း ယခုလကုန်တွင် စတင်ကောက်ယူတော့မည်ဖြစ်ပါသည်။ သို့ဖြစ်၍ အရည်အသွေးပြည့်ဝသော စာရင်းအင်းများ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံအတွက် စိတ်လှုပ်ရှားဖွယ် အချိန်တစ်ခုဖြစ်နေပါသည်။

မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက်အလက်များအား အင်တာနက်ရရှိနိုင်သည့် မည်သည့်နေရာတွင်မဆို သိရှိနိုင်ရန်အတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (KOICA) အကူအညီနှင့် မြန်မာစာရင်းအင်းဆိုင်ရာ အချက်အလက် ဝန်ဆောင်မှုစနစ် (Myanmar Statistical Information Service - MMSIS) (www.mmsis.gov.mm) ဝက်ဘ်ဆိုက်အသစ်ကိုလည်း ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် လွှင့်တင်နိုင်ခဲ့ပါသည်။

အဆိုပါ ဝက်ဘ်ဆိုက်ကို သုတေသနပြုသူများနှင့် အခြားသော လိုအပ်သူများအနေဖြင့် အသုံးချနိုင်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍတွင် အောင်မြင်မှုများ ဖြစ်ပေါ်လာရန်အတွက် စီမံချက်များအား အကောင်အထည်ဖော်နိုင်ရန် UNICEF၊ UNDP၊ ILO၊ EU၊ IMF နှင့် UNFPA စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ အကူအညီ ထောက်ပံ့မှုများကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

သို့ဖြစ်၍ "စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်ပါမှ မြန်မာ့လူမှုဘဝပို၍လှ" ဟူသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှု-စီးပွား သုတေသန ဆောင်ရွက်သူများ စသည်ဖြင့် အားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒထည့်သွင်းစဉ်းစားရန် အချက်များအား ရရှိနိုင်မည်ဖြစ်ပါသည်။

ထိုသို့ ကောင်းမွန်သည့် အကျိုးဆက်များ ရရှိစေရေးအတွက် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် အချက်ပြမည့် စာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာကိုယ်စားလှယ်များနှင့် အတူ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားပြီး တိုးတက်မှုများ ဆက်လက်တည်တံ့စေရန် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ကျောက်ဆည်ကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဒေသခံလယ်သမားများနှင့် သဘောတူညီမှုရရှိနိုင်ရန် ဦးစွာညှိနှိုင်း

**နေပြည်တော် နိုဝင်ဘာ ၂၈**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်း ခုနစ်ခုမေးမြန်းပြီး စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းဆိုင်ရာ အဆို ၁ ခု တင်သွင်းသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၏ **လဟယ်မြို့နယ် တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာတစ်လျှောက်ရှိ လယ်မြေများ ပြန်လည်ဖော်ထုတ်ခြင်း၊ အသစ်ဖော်ထုတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စက်ယန္တရားများ၊ နည်းပညာရှင်များနှင့် လိုအပ်သောရန်ပုံငွေ ပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာများ၌ လယ်ယာမြေဖော်ထုတ်မည်ဆိုပါက အဓိကအားဖြင့် လှေကားထစ်ကုန်းမြင့် လယ်ယာမြေ ဖော်ထုတ်ရမည့် အခြေအနေဖြစ်ပါကြောင်း။

လှေကားထစ်ကုန်းမြင့် လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းကို ဒေသလိုအပ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

ချက်နှင့် လျော်ညီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဌာနမှနည်းပညာနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာများ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်၍ လှေကားထစ်ကုန်းမြင့် လယ်ယာမြေဖော်ထုတ်ခြင်းကို စီမံချက်ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ချိန်တွင် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဖော်ထုတ်မည့်ဧရိယာများကို တည်နေရာအလိုက် စူးစမ်းလေ့လာခြင်းမှစ၍ နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ကျောက်ဆည်ကျေးရွာအနီးရှိ ကျောက်ဆည်ကန်၏ သဲနုန်းများ တူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်ဆည်ကန် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ယခင်အစိုးရလက်ထက်က စီမံဆောင်ရွက်ခဲ့သော်လည်း ရန်ပုံငွေမရရှိခြင်း၊ ကန်ရေဝပ်ဧရိယာအတွင်းရှိ လယ်မြေ ၁၄၂၁ ဧက တွင် စိုက်ပျိုးလျက်ရှိသော လယ်သမားများက သဘောတူညီမှုမရှိခြင်းတို့ကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း။

ကျောက်ဆည်ကန် သဲနုန်းတူးဖော်



ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး

ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဓိက လိုအပ်ချက်ဖြစ်သည့် ကန်ရေဝပ်ဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဒေသခံလယ်သမားများနှင့် သဘောတူညီမှုရရှိနိုင်ရန် ဦးစွာညှိနှိုင်းဆွေးနွေးရမည်ဖြစ်ပြီး သဘောတူညီမှုရရှိပြီးမှသာ လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားပြီး ရန်ပုံငွေလိုအပ်ချက် များပြားသောကြောင့် ဘဏ္ဍာနှစ် အပိုင်းအခြားအလိုက် လိုအပ်ရန်ပုံငွေကို တင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ် အခြေခံ၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အတူ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းစဉ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီလျင်မြန်လွယ်ကူစွာ ချေးယူရရှိစေရန်နှင့် ချေးငွေထုတ်ယူရာတွင် ကုန်ကျသည့်စရိတ် သက်သာစေရန်အတွက် တင်သွင်းရခြင်းဖြစ်ကြောင်း၊ တောင်သူများကိုယ်တိုင် လာရောက်ထုတ်ချေးရသည့်အခါ ရွာမှ မြို့အထိ တက်လာရသည့်အတွက် အချိန်ကုန် လူပင်ပန်းကြပါကြောင်း၊ ပြည်မြို့နယ်ရှိ လယ်ယာဖွံ့ဖြိုးရေးဘဏ် ဧရိယာသည် ကျဉ်းသည့်အတွက် တောင်သူများသည် လမ်းဘေးပလက်ဖောင်းနှင့် လမ်းမများပေါ်၌ တစ်နေကုန်စောင့်ဆိုင်းကြရပါကြောင်း၊ ခရီးစရိတ်၊ စားစရိတ် အပိုငွေကြေးများ ကုန်ကျရကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေး ကြေညာသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ် စစ်ရှောင်စခန်းများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဆက်လက်ထောက်ပံ့မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

စစ်ရှောင်စခန်းရှိ ပြည်သူများအတွက် လစာရိက္ခာ တိုးမြှင့်ကူညီပံ့ပိုးနိုင်ရန်၊ အလုပ်အကိုင်ရှာဖွေ ဖန်တီးနိုင်ရန်၊ နေရာအခန်းများ တိုးချဲ့ဆောက်လုပ်နိုင်ရန်၊ လုပ်ကိုင်စားသောက်ရန် သင့်တင့်သော မြေနေရာ၌ အိမ်၊ ခြံမြေကွက်များ ဖော်ဆောင်ပေးနိုင်ရန် စသည့် လိုအပ်ချက်များကို ပြည်နယ်အစိုးရထံ ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဇယ်ခေါင်၏ **ကချင်ပြည်နယ်အတွင်းရှိ အစိုးရ အုပ်ချုပ်မှု နယ်မြေအတွင်း စစ်ရှောင်စခန်းများကို လစာရိက္ခာ တိုးမြှင့်ကူညီပေးနိုင်ရေး၊ အလုပ်အကိုင်ရှာဖွေဖန်တီးနိုင်ရေး၊ နေရာအခန်းများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးနှင့် လုပ်ကိုင်စားသောက်ရန် သင့်တင့်သော မြေနေရာတွင် သင့်တင့်သော အကျယ်အဝန်းရှိ အိမ်၊ ခြံ မြေကွက်များ ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက မြစ်ကြီးနားမြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ အိမ်တွင်းသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကချင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများမှ သင်တန်းသား ၉၁၈ ဦးကို အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် သင်ကြားပေးခဲ့ပါကြောင်း၊ စစ်ရှောင်စခန်းရှိ မိသားစုဝင်များ၏ လိုအပ်ချက်များ၊ စစ်ရှောင်စခန်းများမှ အခန်းမလုံလောက်မှုများ တင်ပြလာပါက အခန်းတိုးချဲ့ ဆောက်လုပ်နိုင်ရန် ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဌာနများ၊ UNHCR, NGOs, INGOs များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်စခန်းများသို့ ရိက္ခာထောက်ပံ့ပေးမှုများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ နေရာချထားဆောင်ရွက်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန်အတွက်လည်း ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ငွေကြေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စစ်ရှောင်စခန်းမှ ပြောင်းရွှေ့နေထိုင်သူများအား ငွေပျော်စံပြကျေးရွာ၌ နေရာချထားပေးသည့်အပြင် အခြားနေရာများ၌လည်း ထပ်မံတိုးချဲ့နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၏ **ပြည်ပသို့ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင့်ဆင့်ကြန့်ကြာမှုများကို ဖြေလျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ပသို့သွားရောက်လုပ်ကိုင်ကြမည့် အလုပ်သမားများ စေလွှတ်ရေး လုပ်ငန်းစဉ်ကို ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်သည့် အေဂျင်စီများအတွက် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် လိုက်နာရမည့် စည်းကမ်းများကိုလည်း စနစ်တကျချမှတ်ပြီး ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ရွက်ခြင်းသည် ပြည်ပသို့ အလုပ်သမားစေလွှတ်မှု လုပ်ငန်းစဉ်များ ပိုမိုစနစ်တကျဖြစ်စေရန်၊ အလုပ်သမားများကို ပိုမိုထိရောက်စွာ ကာကွယ်ပေးနိုင်ရန်၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန်၊ ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်၏ မေးခွန်းတွင်ပါဝင်သည့် လုပ်ငန်းစဉ်များမှာ ဝန်ကြီးဌာနက သတ်မှတ်ပြီး ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနက ချမှတ်ထားသည့် လုပ်ငန်းစဉ်သည် ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခွင့်ကို ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က ကော်မတီအစည်းအဝေးကို နှစ်ပတ်လျှင် တစ်ကြိမ် ကျင်းပခဲ့သော်လည်း လုပ်ငန်းများ ပိုမိုမြန်ဆန်စေရန်အတွက် ၂၀၁၆ ခုနှစ် မေလမှစတင်၍ အပတ်စဉ် အင်္ဂါနေ့တိုင်း ပြုလုပ်ပြီး တာဝန်ရှိသူများအနေဖြင့် အချိန်ကြန့်ကြာမှုကို လျော့နည်းစေရေးအတွက် ဖြေလျှော့ပေးလျက်ရှိပါကြောင်း။

ထို့အပြင် အလုပ်သမားစေလွှတ်မည့် အေဂျင်စီများဘက်မှ အလုပ်ခေါ်စာမှုရင်း၊ အလုပ်သမား သံအရာရှိ၏ ထောက်ခံချက် သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံချက်၊ အေဂျင်စီ၏ ဝန်ခံကတိပြုချက်၊ မြန်မာ၊ အင်္ဂလိပ်နှင့် သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားတို့ဖြင့် ချုပ်ဆိုထားသည့် စံအလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်၊ လုပ်ငန်းခွင်၏ ဓာတ်ပုံနှင့် အလုပ်သမား၏ နိုင်ငံကူးလက်မှတ်တို့ကို အလုပ်သမားစေလွှတ်မည့် အေဂျင်စီထံမှ တောင်းခံပါကြောင်း၊ အဆိုပါ စာရွက်စာတမ်းများ တောင်းခံရခြင်းသည် အလုပ်ခေါ်စာများ စိစစ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်သည့်နေရာတွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ စေလွှတ်မည့် အလုပ်သမားများ အလုပ်ခေါ်စာများ မှန်ကန်ရေး၊ အဆိုပါ နိုင်ငံများရှိ အလုပ်သမား သံအရာရှိများက စိစစ်ထောက်ခံပြီးမှသာ ဝန်ကြီးဌာနသို့ တင်ပြရပါကြောင်း၊ အခြားနိုင်ငံများသို့ စေလွှတ်မည့် အလုပ်သမားများအတွက် တင်ပြလာသည့် အလုပ်ခေါ်စာများကို အလုပ်သမားများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် လုပ်ငန်းခွင်၊ လုပ်ခလစာရရှိမှုနှင့် အမှန်တကယ် လုပ်သားလိုအပ်မှု ရှိ၊ မရှိ တို့ကို စိစစ်ရန် လိုအပ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများကို ပေးပို့ပြီး စိစစ်မှုများ ပြုလုပ်နေခြင်း ဖြစ်ပါကြောင်း၊ အေဂျင်စီများထံမှ အလုပ်ခေါ်စာ မူရင်းတောင်းခံရခြင်းသည် အလုပ်ခေါ်စာအတုဖြင့် တင်ပြမှုများ မရှိစေရန်အတွက် ဖြစ်ပါကြောင်း၊ ခေါ်ယူမည့် အလုပ်သမား အရေအတွက်၊ စာချုပ်သက်တမ်းနှင့် အလုပ်အကိုင် အမျိုးအစား၊ သက်ဆိုင်ရာ နိုင်ငံဥပဒေအရ သတ်မှတ်ထားသည့် လုပ်ခလစာနှင့် ဖြတ်တောက်ငွေများကို ဝန်ကြီးဌာနနှင့် အလုပ်သမားများ သိရှိနိုင်ရန် ဖြစ်ပါကြောင်း၊ အလုပ်သမား သံအရာရှိ သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာ



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဇယ်ခေါင်

သံရုံး၏ ထောက်ခံချက် တောင်းခံရခြင်းသည် အလုပ်ခေါ်စာတွင် ပါရှိသည့် လုပ်ငန်းခွင် အခြေအနေများသည် အမှန်တကယ် မှန်ကန်မှု ရှိ၊ မရှိ၊ အလုပ်သမားများ အမှန်တကယ်လိုအပ်မှု ရှိ၊ မရှိနှင့် မြန်မာအလုပ်သမားများအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင် အမျိုးအစား ဟုတ်၊ မဟုတ် သိရှိနိုင်ရန်အတွက် ဖြစ်ပါကြောင်း။

ပြည်ပအလုပ်အကိုင် အကျိုးဆောင် အေဂျင်စီများက အလုပ်သမားများ စေလွှတ်ရန်အတွက် ပြည်ပမှ အလုပ်သမားခေါ်ယူသည့် အလုပ်ခေါ်စာများ တင်ပြရာတွင် အချက်အလက် ပြည့်စုံစွာ တင်ပြနိုင်မှုမရှိခြင်း၊ အချက်အလက် မပြည့်စုံ၍ အေဂျင်စီများသို့ ပြန်လည်တောင်းခံရာတွင် အချိန်မီပေးပို့မှု မရှိခြင်း၊ သတ်မှတ်အချိန်အတွင်း စာရွက်စာတမ်း၊ သက်သေခံ အထောက်အထားများ မှန်ကန်ပြည့်စုံစွာ တင်ပြခြင်းမရှိသည့်အတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ စိစစ်ဆောင်ရွက်နေသည့်ကြားမှ အချို့အေဂျင်စီများသည် တရားမဝင်ပွဲစားများနှင့်ပေါင်း၍ ကိုယ်ကျိုးစီးပွားကိုသာ စဉ်းစားဆောင်ရွက်သည့်အတွက် အလုပ်သမားများ နစ်နာမှုများ၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စိစစ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်အထိ လိုင်စင် အပြီးရုပ်သိမ်းထားသည့် အေဂျင်စီ ၁၈ ခု၊ အချိန်ကာလဖြင့် ရုပ်သိမ်းထားသည့် အေဂျင်စီ ၁၃ ခု၊ အမှုဖြစ်ပွား၍ ရပ်ဆိုင်းထားသည့် အေဂျင်စီ ၁၃ ခုနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့်အတွက် သတိပေးလက်မှတ်ထိုးထားသည့် အေဂျင်စီများလည်း ရှိပါကြောင်း၊ ထို့ကြောင့် စေလွှတ်မည့်နိုင်ငံအလိုက် အလုပ်ခေါ်စာများ၏ အထောက်အထား ပြည့်စုံမှန်ကန်မှုကိုမူတည်၍ စိစစ်သည့် အချိန်ကြာမြင့်မှုများသည် ကွဲပြားမှုအနည်းငယ် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အေဂျင်စီများ၏ စည်းကမ်းလိုက်နာမှု၊ အလုပ်သမားများ၏ ကုန်ကျစရိတ်အနည်းဆုံးနှင့် ပြည်ပသို့ လုံခြုံစိတ်ချစွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်မှု၊ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေအရ အကာအကွယ်နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ရေးအတွက် စိတ်ချယုံကြည်မှုရှိမည့် အခြေအနေများ တိုးတက်လာပါက ဖြေလျှော့မှုများ ပြုလုပ်ပေးရန် အသင့်ရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့၏ ပညာရေးကဏ္ဍ၊ လေလွင့်ကလေးငယ်များနှင့် နယ်စပ်ဝင်ထွက်ပေါက်ဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောဒေသနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေမည့် ကညင်ချောင်း ကုန်သွယ်ရေးဇုန်

**မောင်တော နိုဝင်ဘာ ၂၈**

မောင်တောဒေသနှင့် ရခိုင်ပြည်နယ်တစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည့် ကညင်ချောင်း ကုန်သွယ်ရေးဇုန်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး စီမံကိန်း ပထမအဆင့်အနေဖြင့် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း စီမံကိန်းတည်ဆောက်ရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

စီမံကိန်း ပထမအဆင့်တွင် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ငွေကျပ်သိန်း ၆၀၀၀၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ထည့်ဝင်ငွေကျပ်သိန်း ၄၀၀၀ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀၀၀ ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရထောက်ပံ့သည့် ငွေကျပ် သိန်း ၆၀၀၀ တွင် ဆိပ်ခံတံတား နှစ်စင်း၊ ပင်မအဆောက်အအုံ၊ ဆိပ်ခံတံတား ချဉ်းကပ်လမ်း တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ကြောင်း၊ ပုဂ္ဂလိကထည့်ဝင်သည့် ငွေကျပ်သိန်း ၄၀၀၀ တွင် ငွေကျပ်သိန်း ၂၀၀ တန် ဆိုင်ခန်းဂိုဒေါင် အလုံး ၂၀ ပါဝင်ပြီး ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း ကညင်ချောင်းကုန်သွယ်ရေး ဇုန် တည်ဆောက်ရေး ကော်မတီအတွင်းရေးမှူး ဦးအောင်မြင့် သိန်းက ပြောသည်။

ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်အစိုးရက ခွင့်ပြုပေးမည့် ငွေကျပ် သိန်းပေါင်း ၂၅၀၀၀ ဖြင့် ဧက ၅၀ ခန့်ရှိ ကုန်သွယ်ရေးဇုန်ကို အုတ်ခြံစည်းရိုးခတ်ခြင်း၊ ကုန်သွယ်ရေးဇုန်သို့ သွားရောက်မည့် သီးခြားလမ်း ၁ ဒသမ ၈ မိုင် ဖောက်လုပ်မည်ဖြစ်ပြီး ကုန်သွယ်ရေးဇုန်အတွင်း ပတ်လမ်းတစ်ခုဖောက်လုပ်ခြင်း၊ လုံခြုံရေးအဆောက်အအုံနှင့် သန့်စင်ခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ တတိယအဆင့်အနေဖြင့် ၂၀၁၇- ၂၀၁၈ ဘတ်ဂျက်တွင် မဟာဓာတ်အားလိုင်းရလာမည်ဟု မျှော်မှန်းထားပြီး အအေးခန်းများ၊ အဆင့်မြင့်ဟိုတယ်များ စသည်ဖြင့် တိုးချဲ့မည့် အစီအစဉ်များရှိပါကြောင်း ၎င်းက ဆက်လက်ပြောသည်။


ကညင်ချောင်း ကုန်သွယ်ရေးဇုန်၌ တည်ဆောက်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်

"ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာ နယ်စပ်ကိုးပေါက်ရှိပါတယ်။ အဲဒီနယ်စပ် ကိုးပေါက်ထဲမှာ ပို့ကုန် ၉၀ ရာခိုင်နှုန်း၊ သွင်းကုန် ၁၀ ရာခိုင်နှုန်းရှိတဲ့ မောင်တောနယ်စပ်ပေါက်ဟာ ပို့ကုန်အသာစီးရနေတဲ့ နယ်စပ်ပေါက်ဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏအနေနဲ့ ကြည့်မယ်ဆိုရင် မူဆယ်တို့ မြဝတီတို့ကို မမီပါဘူး။ ဒါပေမယ့် ပို့ကုန်အသားစီရထားတဲ့ နယ်စပ်ကို တိုးတက်စေချင်ပါတယ်။ ပထဝီ စီးပွားရေးအရကြည့်မယ်ဆိုရင် တစ်ဖက်နိုင်ငံဟာ လူဦးရေ သန်း ၁၆၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့က သန်း ၅၀ သာရှိပါတယ်။ တစ်ချိန်တည်းမှာ ဧရိယာ အကျယ်အဝန်းကိုကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့နိုင်ငံထက် သုံးဆလောက်ငယ်ပါတယ်။ စားကုန်သောက်ကုန်တွေကို အိန္ဒိယတို့ ပါကစ္စတန်တို့ကနေ တင်သွင်းနေရပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လက်ဦးမှုရယူတင်သွင်းဖို့ လိုပါတယ်။ ရေရှည်အကျိုးကို ကြည့်ရင် လုပ်သင့်တဲ့စီမံကိန်းတစ်ခုပါ"ဟု ဦးအောင်မြင့်သိန်းက ၎င်း၏ အမြင်ကို ပြောသည်။

"လက်ရှိအခြေအနေမှာ ကျွန်တော်တို့က ဟိုဘက်ကို သွားရောင်းရတဲ့အတွက် ဟိုဘက်မှာ ဝယ်သူဈေးကွက်ပါ။ ဒီကုန်သွယ်ရေးဇုန်မှာသာဆိုရင် ကျွန်တော်တို့က ရောင်းသူဈေးကွက်ကို ရရှိမှာပါ။ ဒါ့အပြင် လက်ရှိအသုံးပြုနေတဲ့ မောင်တောချောင်းဟာ တိမ်ကောလာပြီဖြစ်တဲ့အတွက် စက်လှေကြီးတွေ အချိန်မရွေးဝင်ထွက်ဖို့ ခက်ခဲလာပါပြီ"ဟု ၎င်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် ဆင်းရဲမွဲတေမှုသည်လည်း အဓိကအခြေခံအချက်တစ်ခုဖြစ်ကြောင်း သုံးသပ်တင်ပြမှုများလည်း ရှိနေကြောင်း သိရသည်။

"စီးပွားရေးရှုထောင့်အရ ကြည့်မယ်ဆိုရင် ဆင်းရဲနွမ်းပါးတဲ့အတွက် အလုပ်လက်မဲ့များနေပြီး နိုင်ငံရေးအရသော်လည်းကောင်း၊ အကြမ်းဖက်ဖို့အတွက်သော်လည်းကောင်း စည်းရုံးရလွယ်ပါတယ်။ ဒါကြောင့် ဒီဒေသမှာ စီးပွားရေးဖွံ့ဖြိုးဖို့လိုပါတယ်" ဟု ဦးအောင်မြင့်သိန်းက ဆိုသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အောင်ဝမ်းစိုး**

# ဘူးသီးတောင်၌ ဆိုင်ကယ်/စက်ပြင်သင်တန်း ဖွင့်ပွဲကျင်းပ

**ဘူးသီးတောင် နိုဝင်ဘာ ၂၈**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး ပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဆိုင်ကယ်/စက်ပြင်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဘူးသီးတောင်မြို့နယ် တောင်ခြေရပ်ကွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဆေးရုံအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်က ဘူးသီးတောင်မြို့နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများသည် မိမိဒေသကို စွန့်ခွာမသွားဘဲ သက်မွေးဝမ်းကျောင်းပညာ တစ်ခုခုသင်ယူမှုရရှိပြီး မိမိတို့၏ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် နေထိုင်ပြုလုပ်ရန် လိုအပ်ကြောင်း၊ ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်ပြီး ကျေးလက်နေပြည်သူများအတွက် မြစိမ်းရောင်စီမံကိန်း၊ ပြီးခဲ့သည့်နှစ်က လက်သမားအခြေခံသင်တန်း၊ ယခု ဆိုင်ကယ်/စက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်ယူရရှိသော အတတ်ပညာများကို အသုံးချပြီး မိမိတို့မိသားစုများ၏ စားဝတ်နေရေးကို အဆင်ပြေစေမည်ဖြစ်ကြောင်း၊ သင်တန်းစည်းကမ်းများကို လိုက်နာပြီး သင်ကြားပြသမှုကို ဂရုတစိုက် သင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။ သင်တန်းတွင် ဘူးသီးတောင်မြို့ ဆိုင်ကယ်/စက်ပြင်ကျွမ်းကျင်ဆရာများဖြစ်သော ဦးသန်းထွန်းနှင့် ဦးစိုးမြင့်ဦးတို့က သင်ကြားပြသပေးမည်ဖြစ်ပြီး သိုင်းတပုတ်၊ ကျောက်ပြင်ဆိပ်၊ သပြေဆိပ်၊ ပြင်ရှည်၊ မြို့မစေတီတောင်၊ လောင်းချောင်း၊ ပြိန်းချောင်း၊ ကျောက်စာတိုင်ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလ ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာနေအိမ်တစ်လုံး မီးလောင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာမှ ရာအိမ်မှူးနေအိမ်မှာ ရှို့မီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာမှ ရာအိမ်မှူး ရော်ဖီး၏ နေအိမ်အား နိုဝင်ဘာ ၂၅ ရက် ည ၁၂ နာရီခန့်တွင် အမည်မသိလူတစ်စုက ဓာတ်ဆီပုလင်းကို မီးရှို့၍ မီးဖိုချောင် ခေါင်မိုးပေါ်သို့ ပစ်တင်၍ မီးရှို့ခဲ့ရာ အိမ်ရှင်များက ဝိုင်းဝန်းပြီးမီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုဖြစ်ပွားရာအနီးတွင် ဓာတ်ဆီပုလင်းနှစ်လုံးနှင့် မီးခြစ်နှစ်လုံးတို့


မီးလောင်ခံရသည့် နေအိမ်

စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါမီးရှို့သည့် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**စစ်တွေ နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ထပ်ဆင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၂၇ ရက်က စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အသက်(၇၅နှစ်) အထက် စစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်း စစ်သည်များကို ထောက်ပံ့ကြေးများပေးအပ်ခဲ့ပြီး တက်ရောက်လာသည့် စစ်မှုထမ်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်နှင့် အိမ်သုံးပစ္စည်းများ ကံစမ်းမဲဖောက်ပေးကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း မြို့နယ်စစ်မှုထမ်းဟောင်းမိသားစုဝင် ကလေးငယ်များအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်လွင်ဦး**

# မောင်တောမြို့နယ် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်စဉ်များတွင် ပါဝင်ခဲ့သည်ဟုယူဆရသည့် မသင်္ကာသူလေးဦးဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ လေးဦးအား နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်များတွင် ဖမ်းဆီးရမိပြီး ဝါးပိတ်ကျေးရွာနှင့် သက္ကယ်ပြင်ကျေးရွာအကြားမှ အလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများဖြစ်ကြသော ဝါးပိတ်ကျေးရွာနေ





**ဝါးပိတ်ကျေးရွာနှင့် သက္ကယ်ပြင်ကျေးရွာအကြားမှတွေ့ရှိသည့် အလောင်းတစ်လောင်း** (ဝဲပုံ)**နှင့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူလေးဦး** (အပေါ်ပုံ)

ဆွေတာမောက် (၅၈နှစ်)၊ ဆွေယော့ ဟူဆောင်း (၆၅နှစ်)၊ ဆာလီအာမွတ် (၅၁ နှစ်) ပေါင်းသုံးဦးတို့ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ဝါးပိတ်ကျေးရွာအနီးမှလည်းကောင်း၊ ရွှေဇားအလယ်ရွာနေ ဟူဆိန်းအားမက် (၃၂နှစ်)အား နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မောင်တောမြို့မဈေးအတွင်းမှ လည်းကောင်း စုစုပေါင်းလေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဝါးပိတ်ကျေးရွာနှင့် သက္ကယ်ပြင်ကျေးရွာအကြား၌ အင်္ကျီတီရှပ် နီညို၊ ပုဆိုးအနက်ရောင်ဝတ်ဆင်ထားသော အမည်၊ အသက်၊ နေရပ်လိပ်စာစိစစ်ဆဲ အမျိုးသားတစ်ဦး၏ အလောင်းတစ်လောင်းတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ပြင်ပဒဏ်ရာများမရှိဘဲ အအေးမိ၍ သေဆုံးနေသည့် လက္ခဏာတွေ့ရှိရသဖြင့် မောင်တောဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေရောင်စပါးခင်း၊ မေယုတောင်တန်းနှင့် မောင်တောမြောက်ပိုင်းလမ်း

**သတင်းဆောင်းပါး- မြင့်မောင်စိုး**
**ဓာတ်ပုံ - အောင်မင်းစိုး**

**ယမန်နေ့မှအဆက်**

မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်းလမ်းသည် မောင်တောခရိုင်မြောက်ပိုင်းတွင် အဓိက ကားလမ်းကြီးပင်ဖြစ်သည်။ ကားလမ်းကြီးဟု ဆိုသော်လည်း ကျောက်ကြမ်းလမ်းအဆင့်မျှသာရှိသည်။ မောင်တောမြောက်ပိုင်းဒေသ လက်ရှိမြေပြင် ပကတိအနေအထားများကို သိရှိတင်ပြနိုင်ရန် ကျွန်တော်တို့ သတင်းအဖွဲ့သည် ကြိမ်ချောင်းကျေးရွာမှ တစ်ဆင့် မြောက်ဘက်အစွန် ခမောင်းဆိပ်သို့ ဆက်လက်ဦးတည်ထွက်ခွာလာကြ၏။



ရန်အောင်မြင်ကျေးရွာမှ ကလေးငယ်များနှင့် ထောက်ပံ့ရေးအဖွဲ့တို့ အတူတကွတွေ့ရစဉ်

ကြိမ်ချောင်းမှ ထွက်ခွာသည်ဆိုလျှင် အောင်စစ်ပြင်ကျေးရွာသို့ ရောက်သည်။ ဤကျေးရွာတွင် တောင်ပြိုလက်ဝဲနှင့် ခမောင်းဆိပ်သို့သွားရာ လမ်းခွဲရှိသည်။ လက်ဝဲဘက်လမ်းခွဲအတိုင်းသွားပါက တောင်ပြိုလက်ဝဲသို့ ရောက်ပြီး လက်ယာလမ်းအတိုင်း သွားပါက ခမောင်းဆိပ်သို့ ရောက်သည်။ လက်ယာလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ရန်အောင်မြင်ကျေးရွာသို့ ရောက်၏။ ရန်အောင်မြင်ကျေးရွာသည် နတလကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာအဝင်လမ်းထိပ်တွင် ရန်အောင်မြင်ကျေးရွာ(နတလ) ၂၀၀၉ ခုနှစ်ဟု ရေးသားထားသည်။

ဤအမှတ်အသားကို ကြည့်ခြင်းအားဖြင့် ရန်အောင်မြင်ကျေးရွာကို ၂၀၀၉ ခုနှစ်က စတင်တည်ထောင်ခဲ့ကြောင်း အထင်အရှားတွေ့နိုင်သည်။ အိမ်ခြေအားဖြင့် ၁၀၀ ကျော်၊ လူဦးရေ ၅၀၀ ကျော် နေထိုင်ကြောင်း သိရသည်။ နတလကျေးရွာ ဖြစ်သည့်အလျောက် နေအိမ်များမှာ သွပ်မိုး၊ ထရံကာဖြစ်ပြီး ကျေးရွာအနေအထားအရ အိမ်ကြီးအိမ်ကောင်းများဟု ဆိုနိုင်ပေသည်။ ကျေးရွာထိပ်တွင် လူကြီးလူငယ်နှင့် ကလေးအများစုကို တွေ့ရသည်။ အမျိုးသမီးနှင့် ကလေးများမှာ အများစုဖြစ်သည်။ လူလတ်ပိုင်း ငယ်ရွယ်သူများအား မတွေ့ရပေ။ အခြားသော တစ်မြို့တစ်နယ်တွင် အလုပ်သွားလုပ်ခြင်း သို့မဟုတ် စားဝတ်နေရေးနှင့် ပညာရေးအတွက် တစ်နေရာသို့ သွားရောက်နေကြဟန်တူ၏။ ဤ ကျေးရွာတွင် နေထိုင်သည့် လူမျိုးအများစုမှာ သက်လူမျိုးများဖြစ်ကြောင်း သိရသည်။ ဤနတလကျေးရွာမှ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရဖွဲ့တို့ ပူးပေါင်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် စားနပ်ရိက္ခာများကို ကျေးရွာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

မိမိတို့အနေဖြင့် ကျေးရွာပိုင်နယ်မြေကို မည်သည့်အခါမျှ စွန့်ခွာသွားမည် မဟုတ်ကြောင်း ကျေးရွာမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးခင်ဝင်းက ဆိုသည်။ ထိုရန်အောင်မြင် နတလကျေးရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ ဝက်ကျိန်း၊ ပဒကားရွာသစ်၊ ဒေဝါနာလီအစရှိသော ကျေးရွာများကို ဖြတ်ကျော်ခဲ့သည်။ လမ်းတစ်လျှောက်တွင် ရွှေဝါရောင်စပါးခင်းများနှင့် မေယုတောင်တန်းအလှကို သာယာရှုမောဖွယ်တွေ့ရ၏။ ဤဒေသသည် မြေဆီမြေနှစ် အလွန်ကောင်း၍ စပါးစိုက်ပျိုးမှု အလွန်အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရသည်။ လမ်းတစ်လျှောက်တွင် စပါးရိတ်နေသူများ၊ စပါးသယ်သူများကိုလည်း တွေ့ရသည်။ ထိုဒေသတွင် စပါးများကို ရိတ်သိမ်းပြီးလျှင် နွားလှည်းများနှင့် သယ်ဆောင်လေ့မရှိသဖြင့် နွားလှည်းများလည်း မတွေ့ရပါ။ စပါးများကို ရိတ်သိမ်းပြီး ထမ်းပိုးဖြင့် တစ်ဖက်တစ်ချက်လျှိုထမ်းကာ စပါးတလင်းသို့ သယ်ဆောင်နေသည်ကို တွေ့ရသည်။ စပါးတလင်းမှ စပါးများကိုလည်း ထမ်းပိုးဖြင့် တစ်ဖက်တစ်ချက်ဆီထမ်းကာ လိုရာသို့ သယ်ဆောင်နေသည်ကို တွေ့မြင်ရသည်။

စပါးရိတ်သိမ်းပြီး လယ်ကွင်းများတွင် ကျွဲ၊ နွား၊ ဆိတ်တို့ လွှတ်ကျောင်းထားသည်ကိုလည်း တွေ့ရသည်။ နွားများမှာ နွားနီ၊ နွားနက်တို့ အများဆုံးတွေ့ရပြီး နွားဖြူ၊ နွားပြာတို့ကို တွေ့ရခဲ၏။ သို့သော် နွားများမှာ ခိုင်းနွားမဟုတ်သည့်အလျောက် အထက်အညာဒေသတွင် တွေ့ရသည့် နွားများကဲ့သို့ ထွားကျိုင်းမှုမရှိပေ။ ဆိတ်များမှာလည်း ထိုနည်းလည်းကောင်းအတိုင်း အကောင်သေးငယ်ကြ၏။ ထို့ကြောင့်လည်း ပြည်နယ်အစိုးရက မောင်တောခရိုင်ရှိ နွားနှင့် ဆိတ်မျိုးများ မြင့်တင်နိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိသည်။

များမကြာမီ တမန်းသားကျေးရွာအုပ်စုသို့ ရောက်၏။ ထိုကျေးရွာသည် အုပ်စုကျေးရွာ ဖြစ်သည့်အလျောက် ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းများလည်းရှိသည်။ ဤကျေးရွာတွင် မြို၊ ခမီ၊ သက်၊ ဒိုင်းနက် အစရှိသော တိုင်းရင်းသားများ စုစည်းနေထိုင်ကြောင်း သိရသည်။ ထိုကျေးရွာအတွက်လည်း ဆန်၊ ဆီ၊ ဆား အစရှိသော ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ကြရန် အားပေးစကားပြောကြားခဲ့သည်။

အဆိုပါ ကျေးရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ မင်္ဂလာညွန့်ကျေးရွာ၊ နတ်ရာကိုင်း ကျေးရွာများကို ကျော်ဖြတ်ကာ ခမောင်းဆိပ်မြို့သို့ ရောက်၏။ မြို့ဟုဆိုသော်လည်း မြို့အဆင့်သို့ မရောက်သေးပေ။ မြို့အင်္ဂါရပ်များနှင့် ပြည့်စုံရန် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် စီစဉ်နေဆဲဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနက မောင်တောခရိုင်တွင် ယခုနှစ်အတွင်း မြို့အဆင့် သတ်မှတ်ပေးခဲ့သော မြို့တစ်မြို့ဖြစ်သည်။ မောင်တောမြောက်ပိုင်းတွင် ခမောင်းဆိပ်၊ တောင်ပိုင်းတွင် မြင်းလွတ်တို့ကို မြို့အဆင့် သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ခမောင်းဆိပ်တွင် ရပ်ကွက်ငါးခုဖြင့် မြို့စတင် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။ မြို့တည်ဆောက်ပြီးပါက တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရှိကြောင်း သိရသည်။ ယခုအခါ ခမောင်းဆိပ်မြို့တည်ဆောက်ရန်အတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးကို ဖွင့်လှစ်ထားပြီဖြစ်သည်။ ခမောင်းဆိပ်နှင့် မောင်တောမြို့မှာ မိုင် ၄၀ ခန့်ကွာဝေးသည်။ ထိုမြို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်တိုးတက်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နယ်မြေစိုးမိုးမှုရရှိလာပြီး နယ်စပ်ဒေသပါ ဖွံ့ဖြိုးလာမည်ဖြစ်သည်။

မောင်တောဒေသတွင် ဒေသခံတိုင်းရင်းသားများနှင့် အခြားဘာသာဝင်လူမျိုးများ အေးအတူပူအမျှ နေထိုင်သွားနိုင်မှသာလျှင် ဒေသ၏ တည်ငြိမ်အေးချမ်းမှုမှာ အရှည်သဖြင့် ဖြစ်ထွန်းပေလိမ့်မည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုကိုတည်ဆောက်သွားနိုင်မည်ဖြစ်သည်။

**မောင်တောဒေသတွင် ဒေသခံတိုင်းရင်းသားများနှင့် အခြားဘာသာဝင်လူမျိုးများ အေးအတူပူအမျှ နေထိုင်သွားနိုင်မှသာလျှင် ဒေသ၏ တည်ငြိမ်အေးချမ်းမှုမှာ အရှည်သဖြင့် ဖြစ်ထွန်းပေလိမ့်မည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်သွားနိုင်မည်ဖြစ်**

ညနေပိုင်းတွင် ကျွန်တော်တို့အဖွဲ့သည် ခမောင်းဆိပ်မြို့မှ ပြန်လည်ထွက်ခွာလာခဲ့သည်။ နေဝန်းနီနီကြီးသည် အနောက်ဂေါယာကျွန်းသို့ ယွန်းလေပြီ။ မော်တော်ယာဉ်တန်းမှာ ရွှေဝါရောင်စပါးခင်းများကို တရိပ်ရိပ်ဖြတ်ကျော်ကာ အရှိန်အဟုန်ဖြင့် ပြေးလွှားနေသည်။ ဖျိုင်းတစ်အုပ်သည် မေယုတောင်တန်းဆီသို့ အိပ်တန်းတက်ရန် ပျံသန်းသွားသည်။ လယ်တောပြန်တောင်သူများကို ရွာအဝင်လမ်းတွင် တွေ့ရသည်။ ဟိုအဝေးဆီ စေတီမှ ဆည်းလည်းသံ တချွင်ချွင်မြည်သံကိုလည်း ကြားလိုက်ရသည်။ မောင်တောဒေသမှ ကျေးရွာများတွင် ဒေသခံတိုင်းရင်းသားများရော အခြားဘာသာဝင်များပါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားမည်ဆိုပါကရာသီဥတုမျှတပြီး စိုက်ပျိုးမြေကောင်းများစွာ အလျှံအပယ်ရှိနေသည့်အတွက် တည်ငြိမ်အေးချမ်းပြီး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါကြောင်း ။ ။



မောင်တောခရိုင် မြောက်ပိုင်း ခမောင်းဆိပ်မြို့ မင်းခမောင်းကျေးရွာအနီးမှ မရိတ်သိမ်းရသေးသည့် စပါးခင်းများကို တစ်မျှော်တစ်ခေါ် တွေ့ရစဉ်

## အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ၁၁ ဦး ဖမ်းမိ



မောင်တောမြို့နယ်တွင် နယ်မြေရှင်းလင်းစဉ် မသင်္ကာ၍ ဖမ်းဆီးရမိသူ အချို့

**နေပြည်တော်　နိုဝင်ဘာ　၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် နောက်ဆက်တွဲ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ၁၁ ဦးအား နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မောင်တောမြို့နယ်ရှိ ကျေးရွာများမှ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများဖြစ်ကြသော မျောချောင်းကျေးရွာမှတစ်ဦးအား နိုဝင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ ဝါးပိတ်ကျေးရွာမှ နှစ်ဦး၊ မျောတောင်ကျေးရွာ၊ ရွက်ညိုတောင်ကျေးရွာ၊ ဗောမိပြင်ကျေးရွာ၊ ဇင်ပိုင်ညာကျေးရွာနှင့် သူဦးလာကျေးရွာများမှ တစ်ဦးစီဖြင့် ပေါင်း ငါးဦးအား နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက လည်းကောင်း၊ ရွှေဇားအလယ်ကျေးရွာမှ တစ်ဦးအား နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းကလည်းကောင်း၊ မဲတီကျေးရွာမှ နှစ်ဦးအား နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းက လည်းကောင်း စုစုပေါင်း ၁၁ ဦးကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူနိုင်ရန် သက်ဆိုင်ရာနယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အလက်ပိုရှိ သူပုန်ထိန်းချုပ်နယ်မြေကို ဆီးရီးယားတပ်မတော်အင်အားစုများက ဝန်းရံပိတ်ဆို့နိုင်

**အလက်ပို နိုဝင်ဘာ ၂၈**

ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်အင်အားစုများသည် အလက်ပိုအရှေ့ပိုင်းရှိ သူပုန်များစုဝေးရာ အဓိကနယ်မြေကို နှစ်ပိုင်းခွဲကာ ဝန်းရံပိတ်ဆို့ရယူနိုင်ခဲ့ကြောင်း သိရသည်။ အစိုးရတပ်ဖွဲ့များသည် ပုံးများနှင့်ပေါက်ကွဲပစ္စည်းများကို တစ်စစီဖြုတ်ကာ ရှေ့တိုးဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်ခဲ့သည်။

သူပုန်များသည် ယခုအခါတွင် အလက်ပိုရှိ ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေများ၏ သုံးပုံတစ်ပုံကျော်ခန့်ကို ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း စစ်ရေးထိန်းချုပ်မှုအဖွဲ့က ဖော်ပြခဲ့သည်။

တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားပြီးနောက် အရပ်သားထောင်ပေါင်းများစွာတို့သည် သိမ်းပိုက်ခံရသည့် နယ်မြေများမှထွက်ပြေးနေကြပြီး အဆိုပါနယ်မြေအတွင်းရှိ မိသားစုရာပေါင်းများစွာ အိုးအိမ်ပျောက်ကွယ်ခဲ့ရသည်။ ဆာခါဒေသသည် ဆီးရီးယားတပ်မတော်၏လက်အောက်သို့ လုံးဝကျရောက်သွားပြီဖြစ်ကြောင်း ဗြိတိန်အခြေစိုက် စစ်ရေးထိန်းချုပ်မှုအဖွဲ့နှင့် ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြောကြားခဲ့သည်။

စစ်ပွဲကြောင့် တနင်္ဂနွေနှင့်တနင်္လာနေ့တို့တွင် အလက်ပိုအရှေ့ပိုင်းဒေသကိုစွန့်ခွာကာ ထွက်ပြေးလာသည့် အရပ်သား ၃၀၀၀ ကျော်ကို ကယ်ဆယ်မှုများ လုပ်ဆောင်ခဲ့ရသည်။ ထွက်ပြေးလာသူများအနက် ထက်ဝက်ခန့်မှာ ကလေးငယ်များဖြစ်သည်ဟု ဆိုသည်။

စစ်ဘေးရှောင်ပြည်သူသုံးထောင်ကျော်ကို ဆီးရီးယားအစိုးရနှင့်ပူးပေါင်းကာ ဖြန့်ကြက်ထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနများတွင် နေထိုင်စေခဲ့ကြောင်း ရုရှားပြန်လည်ထူထောင်ရေးဌာနက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

**(ရိုက်တာ၊ ဘီဘီစီ)**





# မြို့တော်မနီလာရှိ အမေရိကန်သံရုံးအနီး ဗုံးရှာဖွေတွေ့ရှိ ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ရှင်းလင်းရေးလုပ်ဆောင်ခဲ့

**မနီလာ နိုဝင်ဘာ ၂၈**

မြို့တော်မနီလာ အမေရိကန်သံရုံးအနီးရှိ အမှိုက်ပုံးထဲတွင် ဗုံးတစ်လုံးကို တနင်္လာနေ့ကတွေ့ရှိခဲ့ရာ ဖိလစ်ပိုင်ရဲများက ရှင်းလင်းရေးလုပ်ဆောင်ခဲ့ကြောင်းသိရပြီး အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် တစ်နည်းနည်းဖြင့် ပတ်သက်နိုင်သည့် အကြမ်းဖက်အဖွဲ့မှ ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ရဲအဖွဲ့က ပြောခဲ့သည်။

ဗုံးဖောက်ခွဲမှုကို အိုင်အက်စ်အကြမ်းဖက်သစ္စာတော်ခံ မူတီးမွတ်စလင်သူပုန်အဖွဲ့က ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ရဲချုပ်ရိုနယ်ဒီလာ ရိုဆာကပြောခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် သုံးရက်မြောက်နေ့အဖြစ် တပ်မတော်မှ စစ်ဆင်ရေးများကို ဆင်နွှဲခဲ့ရာ မူတီးသူပုန်တိုက်ခိုက်ရေးသမား ၁၉ ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

လမ်းကြောင်းပြောင်း အာရုံလွှဲလိုသည့်သဘောဖြင့် ထိုသို့ ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ဒီလာရိုဆာက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

သံရုံးမှမီတာ ၂၀ အကွာ အမှိုက်ပုံးထဲမှ ဗုံးကိုရှာဖွေတွေ့ရှိမှုနှင့် ပတ်သက်ပြီး သံရုံးမှ မည်သည့်မှတ်ချက်မျှပေးခဲ့ခြင်း မရှိကြောင်း သိရသည်။

ဗုံးတွေ့ရှိသောနေရာတွင် ယခုအခါ စီးပွားရေးများပုံမှန်လည်ပတ် လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ဖိလစ်ပိုင်နိုင်ငံသားအတော်များများလည်း ဗီဇာလျှောက်ထားရန် သံရုံးရှေ့တွင် တန်းစီစောင့်ဆိုင်းနေကြောင်း သိရသည်။

လွန်ခဲ့သော စက်တင်ဘာ၂ ရက်ကလည်း အလားတူ ဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခုကို Davao တွင် ပြုလုပ်ခဲ့ရာ ၁၅ ဦးသေဆုံးပြီး ၇၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# ဆီးနှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အူရွမ်ချီလေဆိပ်တွင် ခရီးသည် ၅၀၀၀ ကျော်သောင်တင်

**ပေကျင်း နိုဝင်ဘာ ၂၈**

ဆီးနှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံမြောက်ပိုင်း ရှင်းကျန်းဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အူရွမ်ချီလေဆိပ်၌ တနင်္လာနေ့က ခရီးသည် ၅၀၀၀ ကျော် သောင်တင်ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောခဲ့သည်။

တနင်္လာနေ့အစောပိုင်းကတည်းက နှင်းမုန်တိုင်းနှင့် မြူများ ယင်းဒေသတွင် ထူထပ်စွာကျဆင်းမှုကြောင့် အဝေးပြေးလမ်းများ ပိတ်ထားခဲ့ရကြောင်း လေဆိပ်အော်ပရေးရှင်းစင်တာမန်နေဂျာက ပြောခဲ့သည်။

နံနက် ၁၀ နာရီအထိ လေကြောင်းလိုင်း ၄၂ ခု ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ပြီး အခြားလေကြောင်းလိုင်းရှစ်ခု ဖျက်သိမ်းခဲ့ရကြောင်း မန်နေဂျာက ဆက်လက်ပြောခဲ့သည်။ လေကြောင်းပြောင်းလဲဆင်းသက်မှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

**( ဆင်ဟွာ)**



# ဖီဒဲလ်ကက်စ်ထရို သေဆုံးမှုကို ဝမ်းနည်းသည့်အနေဖြင့် ကျူးဘားနိုင်ငံသားများ တော်လှန်ရေးပန်းခြံတွင်စုရုံး

**ဟာဗားနား နိုဝင်ဘာ ၂၈**



ဖီဒဲလ်ကက်စ်ထရိုကွယ်လွန်ခြင်း တစ်ပတ်ကြာဝမ်းနည်းမှု အထိမ်းအမှတ်ပြုလုပ်ရန်အတွက် ကျူးဘားနိုင်ငံသားများ မြို့တော် ဟာဗားနားတော်လှန်ရေးပန်းခြံသို့ တနင်္လာနေ့တွင် ချီတက်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၁၉၅၉ ခုနှစ်တွင် တော်လှန်ရေးကို နှိုးဆော်ခဲ့ပြီး ကာရစ်ဘီယန်ကျွန်းကို ရာစုတစ်ဝက်ကြာ အုပ်ချုပ်ခဲ့သော ကွန်မြူနစ်ခေါင်းဆောင် ဖီဒဲလ်ကက်စ်ထရိုသည် အသက် ၉၀ အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ကျန်းမာရေးယိုယွင်းလာသည့် ကက်စ်ထရိုသည် ၎င်း၏ညီဖြစ်သူ ရာအူးလ်ကက်စ်ထရိုအား ရာထူးလွှဲပြောင်းပေးခဲ့သည်။ ကက်စ်ထရိုကို စနေနေ့က မီးသဂြိုဟ်ခဲ့ပြီးနောက် ၎င်း၏ပြာကို လူစုလူဝေးဖြင့် သယ်ဆောင်ပြီး တော်လှန်ရေး စတင်ပြုလုပ်ခဲ့ရာ ကျူးဘားအရှေ့ဘက် မြို့တော် ဆန်တီယာဂိုတွင် ထားရှိမည်ဖြစ်ကြောင်း သိရသည်။

အစိုးရက တော်လှန်ရေးပန်းခြံ၌ နံနက် ၉ နာရီတွင် စတင်ကာ နှစ်ရက်ကြာ ကျင်းပမည့် အခမ်းအနားသို့ တက်ရောက်ရန် ပြည်သူလူထုအား ဖိတ်ကြားခဲ့သည်။ အရိုးပြာများကိုလည်း ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**( ရိုက်တာ)**

## ဖရန်ဆွာဖီယွန်း ပြင်သစ်သမ္မတလောင်းရွေးပွဲတွင် ပြိုင်ဘက်ဖြစ်သူ အလန်ရူပေးကို အနိုင်ရရှိ

**ပါရီ နိုဝင်ဘာ ၂၈**

ပြင်သစ်ဝန်ကြီးချုပ်ဟောင်း ဖရန်ဆွာဖီယွန်းသည် သမ္မတလောင်းရွေးပွဲတွင် ပြိုင်ဘက်ဖြစ်သူ အလန်ရူပေးကိုအနိုင်ရရှိခဲ့ကြောင်း သည်အင်ဒီပင်းန်ဒင့်န်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ဖီယွန်းသည် ကက်သလစ်ဘာသာဝင် ရှေးရိုးစွဲဝါဒီပီပီ လိင်တူလက်ထပ်ခြင်းကို ပြင်းပြင်းထန်ထန်ဆန့်ကျင်သူဖြစ်သည်။ အသက် ၆၂ နှစ်ရှိ ဖီယွန်းနှင့် အသက် ၇၁ နှစ်ရှိ ရူပေးတို့နှစ်ဦးလုံးသည် ပြင်သစ်ဝန်ကြီးချုပ်ဟောင်းများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။ ဆာကိုဇီအနေဖြင့် ၄င်း၏လက်အောက်တွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ဖူးသူ ဖီယွန်းကို ထောက်ခံခဲ့ကြောင်း သိရသည်။

ပြိုင်ဘက်နှစ်ဦးစလုံးသည် ရုရှားအပေါ်ချဉ်းကပ်မှုများ တစ်ဦးနှင့်တစ်ဦးမတူဘဲရှိရာ ပြင်သစ်ဗဟိုလက်ယာယိမ်း ရီပက်ဘလီကန်ပါတီမှ ဖရန်ဆွာဖီယွန်းက အိုင်အက်စ်အကြမ်းဖက်သမားများကို တိုက်ခိုက်ရာတွင် ပြင်သစ်နှင့်ပူးပေါင်းရန်စိတ်အားထက်သန်သော်လည်း ရူပေးအနေဖြင့် အမျိုးမျိုးသောကိစ္စရပ်များဖြင့် ပူတင်အား ဖိအားပေးချင်နေသည်။

ပြိုင်ဘက်နှစ်ဦးလုံးသည် လွတ်လပ်သောဈေးကွက်ပြုပြင်ပြောင်းလဲမှုကိုကတိပေးခဲ့ပြီး ရူပေးက ဖီယွန်းကို မွတ်စလင်ဆန့်ကျင်သူ၊ လူဝင်မှုကြီးကြပ်ရေးဆန့်ကျင်သူအဖြစ် ပြောကြားခဲ့သည်။ ထို့အပြင် ၄င်းတို့နှစ်ဦးစလုံးသည် ဝန်ထမ်းအရေအတွက်များလျှော့ချရန်၊ ပင်စင်ယူမည့်အသက်အပိုင်းအခြားကို အသက် ၆၂နှစ်မှ ၆၅နှစ်အထိတိုးမြှင့်ရန်၊ တစ်ပတ်လျှင် ၃၅နာရီကြာ အလုပ်ချိန်ကိုအဆုံးသတ်ရန်၊ စီးပွားရေးအခွန်များကိုဖြတ်တောက်ရန်နှင့် ပြည်သူအသုံးစရိတ်ကိုလျှော့ချရန်တို့ကို ပြုလုပ်ပေးမည်ဟုကတိပေးခဲ့သည်။ ဖရန်ဆွာဖီယွန်းအနေဖြင့် ၂၀၁၇ ဧပြီ- မေတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် နိုင်နိုင်ခြေရှိသော်လည်း အမျိုးသားတပ်ဦး (Front National-FN) မှ မာရင်းလီပင်းကိုရင်ဆိုင်ရဖွယ်ရှိသည်။

**(သည်အင်ဒီပင်းန်ဒင့်န်)**

# ငယ်စဉ်ကင်းထောက်-ထာဝရကင်းထောက်ဟု ခံယူထားကြသည့် ကင်းထောက်ကြီးများ၏ ကင်းထောက်နှစ် ၁၀၀ ပြည့် အကြိုအခမ်းအနားမှ ပီတိစကားသံများ

**မြန်မာနိုင်ငံ ကင်းထောက်ဖွဲ့စည်းမှု နှစ် ၁၀၀ ပြည့် အကြိုအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်စိန်ရတုခန်းမကျင်းပခဲ့ရာပြည်တွင်း ပြည်ပ ကင်းထောက်ကြီးများ၏ နှစ် ၁၀၀ ပြည့် ပီတိသံများကို ဖော်ပြအပ်ပါသည်။**

**ကိုလတ် (သတင်းစဉ်)**

**ဆရာကြီးဒေါက်တာဦးသန်းဦး**
**(ရိုဗာကင်းထောက်ကြီး)(၉၀ နှစ်)**

လွန်ခဲ့တဲ့ အနှစ် ၆၀ ကျော်က ပြည်ခရိုင် ပုတီးကုန်း၊ သာယာဝတီခရိုင် အုတ်ဖိုမြို့အထက်တန်းကျောင်းတွေမှာ ကျောင်းအုပ်အဖြစ်ဆောင်ရွက်ရင်း ရိုဗာကင်းထောက်ကြီးအဖြစ် ကင်းထောက်လှုပ်ရှားမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အခုလို မြန်မာကင်းထောက် ရာပြည့်နှစ် အချိန်အခါဟာ ကြုံတောင့်ကြုံခဲ တစ်သက်တာမှာ တစ်ခါသာ



**“အခုလို မြန်မာကင်းထောက် ရာပြည့်နှစ် အချိန်အခါဟာ ကြုံတောင့်ကြုံခဲ တစ်သက်တာမှာ တစ်ခါသာ ကြုံရခဲ့တဲ့အတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါတယ်”**
**ဆရာကြီးဒေါက်တာ ဦးသန်းဦး**
**(ရိုဗာကင်းထောက်ကြီး)(၉၀ နှစ်)**

ကြုံရခဲ့တဲ့အတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါတယ်။

ဒီနေ့ဒီအချိန်အခါ နှစ် ၁၀၀ ပြည့်ချိန်မှာ မျိုးဆက်ဟောင်းကင်းထောက်ကြီးများက မျိုးဆက်သစ်ကင်းထောက်မောင်မယ်များကို ငယ်စဉ်က ဖြတ်သန်းခဲ့ရတဲ့ ကင်းထောက်လုပ်ငန်းအတွေ့အကြုံတွေကို လွတ်လွတ်လပ်လပ် မျှဝေခံစားရကြပါတယ်။ မျိုးဆက်သစ်ကင်းထောက်လူငယ်မောင်မယ်များအနေနဲ့ ရှေ့လာမည့်ကာလများမှာ ကင်းထောက်စိတ်ဓာတ်ဖြင့် စစ်ရေးကင်းရှင်းခြင်း၊ နိုင်ငံရေးကင်းရှင်းခြင်းများဖြင့် တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးစီးပွားကို တစ်စိုက်မတ်မတ်ကိုယ်စွမ်းရှိသမျှ ကင်းထောက်ကတိသုံးပါးနဲ့ တာဝန်ဝတ္တရား ၁၀ ပါးကို မဆုတ်မနစ်သောလုံ့လ၊ ဝီရိယ၊ ဇွဲ၊ သတ္တိဖြင့် အစွမ်းကုန်ကြိုးစားကြဖို့ နှိုးဆော်တိုက်တွန်းလိုပါတယ်။

**အလင်္ကာကျော်စွာဟသ်ာတဦးမြင့်ငွေ**
**(ရိုဗာကင်းထောက်ကြီး)(၇၅ နှစ်)**

ကျွန်တော်က ဟင်္သာတမြို့ အမှတ်(၁) အထက်တန်းကျောင်း ကျောင်းသားဘဝမှာ ရိုဗာကင်းထောက်အဖွဲ့ဝင် တစ်ယောက်ဖြစ်ခဲ့ပြီး ကင်းထောက်လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ရဲ့သက်တမ်းဟာ ၂၀၁၆ ခုနှစ်မှာ နှစ် ၁၀၀ ပြည့်လို့ ကင်းထောက်ရာပြည့်ပွဲကျင်းပရာမှာ အသုံးပြုဖို့ ဂုဏ်ပြုသီချင်းတစ်ပုဒ်ရေးပေးဖို့ အကူအညီတောင်းတာနဲ့ “ကင်းထောက်ဂုဏ်ရည်” အမည်နဲ့ ဂုဏ်ပြုသီချင်းလေးတစ်ပုဒ်ရေးပေးခဲ့ပါတယ်။ ဒီသီချင်းလေး ရေးပေးရတော့ ကျောင်းတုန်းက ကင်းထောက်အဖွဲ့ဝင်တွေနဲ့ သွားလာလှုပ်ရှားခဲ့ကြတာတွေကို တွေးမိပြီး ငယ်ဘဝလေးထဲကို ပြန်ရောက်သွားသလို ခံစားရပါတယ်။ သီချင်းရေးပေးဖို့ လာပြီးအကူအညီတောင်းကြတဲ့ ပုဂ္ဂိုလ်

**“ကင်းထောက်ရဲ့အလုပ်က သူတစ်ပါးကို အကူအညီပေးတဲ့အလုပ်တွေကို လုပ်ကြရတာပါ။ ကင်းထောက်ကြွေးကြော်သံကိုက ‘ကောင်းမှုတစ်ခုနေ့စဉ်ပြု’တဲ့”**
**အလင်္ကာကျော်စွာဟသ်ာတဦးမြင့်ငွေ**
**(ရိုဗာကင်းထောက်ကြီး)(၇၅ နှစ်)**



တွေကိုတောင် ကျေးဇူးတင်ရပါသေးတယ်။ ကင်းထောက်ရဲ့အလုပ်က သူတစ်ပါးကို အကူအညီပေးတဲ့အလုပ်တွေကို လုပ်ကြရတာပါ။ အခုလို ကင်းထောက်အဖွဲ့ကြီးအတွက် ကိုယ်တတ်ကျွမ်းတဲ့ ဂီတပညာနဲ့ သီချင်းတစ်ပုဒ်ရေးပြီး အကူအညီပေးရတာကိုက ကင်းထောက်တွေလုပ်ရမယ့် အလုပ်တစ်ခုကို လုပ်ပေးလိုက်ရတာပါပဲ။ ကူညီပြီးလုပ်ပေးချင်တဲ့ စေတနာလည်း ရှိလို့ပါ။

ကျောင်းမှာတုန်းက ကိုယ်တိုင်လည်း ကင်းထောက်ဖြစ်ခဲ့တော့ ကင်းထောက်အဖွဲ့ကြီးကို သံယောဇဉ်ကရှိနေတုန်းပါပဲ။ ကင်းထောက်ရဲ့အလုပ်တွေကလည်း သန့်ရှင်းမွန်မြတ်တယ်။ ပါတီနိုင်ငံရေး၊ စစ်ရေးမစွက် လူမှုဝန်ထမ်းလုပ်ငန်းတွေသက်သက်ကိုသာ လုပ်တဲ့အဖွဲ့အစည်း၊ လူငယ်တွေကို ကာယ၊ ဉာဏ၊ စာရိတ္တ ပြည့်စုံကောင်းမွန်အောင် ကိုယ့်ကိုယ်ကိုယ် အားကိုးယုံကြည်စိတ်တွေရှိလာအောင် အမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး တန်တူထားပြီး ချစ်ခင်တဲ့စိတ်နဲ့ အချင်းချင်း ပေါင်းသင်းနေထိုင်လာတတ်အောင် အလေ့အကျင့်တွေလုပ်ပေးနေတဲ့ အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။ ကင်းထောက်ကြွေးကြော်သံကိုက “ကောင်းမှုတစ်ခုနေ့စဉ်ပြု”တဲ့။ မင်္ဂလာတရားတော်နဲ့လည်း ညီတယ်။ အင်မတန်ကို မွန်မြတ်တဲ့အလုပ်တွေကိုသာလုပ်တဲ့ တကယ့်ပရဟိတအဖွဲ့ကြီးတစ်ခုဖြစ်ပါတယ်။ ဒီနေ့ လူငယ်လူရွယ်တွေအားလုံး ကင်းထောက်စိတ်ဓာတ်တွေမွေးပြီး ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုရင် အနာဂတ် နိုင်ငံတော်အတွက် များစွာအကျိုးသက်ရောက်မှုရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**Mr.Wendel E.Avisado (ဥက္ကဋ္ဌ-အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံကင်းထောက်အဖွဲ့ဥက္ကဋ္ဌ)**



**“ ကင်းထောက်ကြီးများကလည်း ငယ်စဉ်ကင်းထောက်-ထာဝရကင်းထောက် (Once a Scout Ever a Scout ) ဆိုသည့် စကားအတိုင်း တက်ကြွစွာ အသက်နဲ့မမျှဆောင်ရွက်ကြတာကိုတွေ့ရလို့ များစွာဝမ်းသာဂုဏ်ယူမိပါတယ်” Mr.Wendel E. Avisado (ဥက္ကဋ္ဌ-အာရှပစိဖိတ်ဒေသဆိုင်ရာကင်းထောက်အဖွဲ့ချုပ်နှင့် ဖိလစ်ပိုင် နိုင်ငံကင်းထောက်အဖွဲ့ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနတို့မှ ပံ့ပိုးကူညီစောင့်ရှောက်ခဲ့တာကို တွေ့ရပါတယ်။ ကင်းထောက်ကြီးများရဲ့စေတနာ၊ မေတ္တာကြီးမားစွာဖြင့် တက်ကြွစွာဆောင်ရွက်ခဲ့လို့ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး တိုးတက်ဖွံ့ဖြိုးလာတာကို တွေ့ရပါတယ်။ ကင်းထောက်လူငယ်များက ကင်းထောက်ကြီးများရဲ့နေရာကို လွှဲပြောင်းတာဝန်ယူရမှာ ဖြစ်ပါတယ်။ ကင်းထောက်ကြီးများကလည်း ငယ်စဉ်ကင်းထောက်-ထာဝရကင်းထောက် (Once a Scout Ever a Scout) ဆိုသည့်စကားအတိုင်း တက်ကြွစွာ အသက်နဲ့မမျှဆောင်ရွက်ကြတာကိုတွေ့ရလို့ များစွာဝမ်းသာဂုဏ်ယူမိပါတယ်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ မိသားစုအသိုင်းအဝိုင်းမှ အထူးကြိုဆိုဂုဏ်ပြုလျက်ရှိပြီး အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်ရုံးအနေဖြင့် လက်တွဲကူညီပြီး အစဉ်ရှေးရှုဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါ်ဘာဘရာအိုး**
**(အမျိုးသမီးကင်းထောက်ကြီး)(၈၇ နှစ်)**

မြန်မာနိုင်ငံ အမျိုးသား အမျိုးသမီး ကင်းထောက်အဖွဲ့အစည်းများ တိုးတက်လျက်ရှိတာကို နှစ် ၁၀၀ ပြည့်ချိန်မှာတွေ့ရလို့ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ကင်းထောက်ဆောင်ပုဒ်အတိုင်း အမြဲအစဉ်အသင့်ဖြစ်နေပြီး အကောင်းဆုံးဆောင်ရွက်ပါ လူသားတွေကို အချိန်တိုင်းမှာ

**“ ကင်းထောက်ဆောင်ပုဒ်အတိုင်း အမြဲအစဉ်အသင့်ဖြစ်နေပြီး အကောင်းဆုံးဆောင်ရွက်ပါ လူသားတွေကို အချိန်တိုင်းမှာ ကူညီပါ”**
**ဒေါ်ဘာဘရာအိုး**
**(အမျိုးသမီးကင်းထောက်ကြီး)(၈၇ နှစ်)**



ကူညီပါ၊ ကင်းထောက် စည်းမျဉ်းစည်းကမ်းတွေကို အမြဲလိုက်နာပါ၊ ကင်းထောက်တစ်ဦးသည် အမြဲကင်းထောက်စိတ်ဓာတ်ရှိနေပြီး မိမိတိုင်းပြည်အတွက် အကောင်းဆုံးဆောင်ရွက်ကာ ကင်းထောက်တစ်ဦး၏ ကတိသစ္စာကို အမြဲတစေသတိရလျက် အမြဲအစဉ်အသင့်ရှိနေပါလို့ မျိုးဆက်ဟောင်း ကင်းထောက်ကြီးများရော၊ မျိုးဆက်သစ် ကင်းထောက်လူငယ်မောင်မယ်များကို ပြောကြားလိုပါတယ်။

**Ms.Kuniko Tatamitani**
**(အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့၊ ဂျပန်နိုင်ငံ)**

ကျွန်မတို့ ဂျပန်နိုင်ငံ အိုဆာကာကင်းထောက်အဖွဲ့မှ အမျိုးသမီးကင်းထောက်ငယ်များဟာ မြန်မာနိုင်ငံမှာရှိတဲ့ သက်ရွယ်တူအမျိုးသမီးငယ်များနဲ့ တွေ့ဆုံပြီး အပြန်အလှန်ရင်းနှီးကျွမ်းဝင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရင်း “ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့”ပရောဂျက်ကို ၂၀၀၇ ခုနှစ်မှာ စတင်ခဲ့ကြပြီး ယခုအခါ ၁၀ နှစ်မြောက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ နှစ်ရှည်လများ မျှော်လင့်ခဲ့ရတဲ့ အမျိုးသမီးကင်းထောက်ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးလမ်းညွှန်မှုကို ခံယူခွင့်ရရှိခဲ့ပါတယ်။ ယင်းအချိန်က နိုင်ငံခြားလူမှုအဖွဲ့အစည်းဖြစ်တဲ့ ဂျပန်အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဦးဆုံး တွေ့ဆုံမှုအဖြစ်လည်း ဂုဏ်ယူမိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသမီးကင်းထောက်ညီအစ်မများအဖြစ် တွေ့ဆုံဆွေးနွေးခွင့်ရပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း အမျိုးသမီးကင်းထောက်ငယ်များရဲ့မေးခွန်းများကို စိတ်ဝင်တစား ပြန်ဖြေခဲ့ပါတယ်။ ဂျပန်အမျိုးသမီး ကင်းထောက်ငယ်လေးများနဲ့ မြန်မာနိုင်ငံအတွင်း လာရောက်ပြီး ကင်းထောက်လှုပ်ရှားဆောင်ရွက်မှုများဟာ တကယ့်ကို မြန်မာနိုင်ငံသူ



**“ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသမီးကင်းထောက်ညီအစ်မများအဖြစ် တွေ့ဆုံဆွေးနွေးခွင့်ရပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း အမျိုးသမီးကင်းထောက်ငယ်များရဲ့ မေးခွန်းများကို စိတ်ဝင်တစား ပြန်ဖြေခဲ့ပါတယ်”**
**Ms. Kuniko Tatamitani (အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့၊ ဂျပန်နိုင်ငံ)**

များအတွက် အကျိုးရှိပါတယ်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ရဲ့ အာရှပစိဖိတ်ဌာနမှ လေ့ကျင့်ပျိုးထောင်ရေးအစီအစဉ်များအတွက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပါတယ်။ ၂၀၁၃ ဒီဇင်ဘာလမှာ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့များရဲ့ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချပွဲကို ရန်ကုန်မြို့မှာ ကျင်းပပြီး ၂၀၁၄ ခုနှစ်မှာ နေပြည်တော်၊ ၂၀၁၅ မှာ ရန်ကုန်မှာ ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်မှာ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာစခန်းချပွဲ ကျင်းပသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့အား ဂျပန်နိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့မှ ကူညီပံ့ပိုးပြီး မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးငယ်များရဲ့ ပိုမိုကောင်းမွန်တဲ့ အနာဂတ်လူမှုအဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးဆီသို့ ဦးတည်ပြီး ကင်းထောက်လုပ်ငန်းများဆောင်ရွက်နိုင်ဖို့ ဆုတောင်းအပ်ပါတယ်။ ။

## တရားမဝင်တင်သွင်းလာသော CP တံဆိပ် အေးခဲကြက်သားအိတ်များ ဖမ်းဆီးရမိ

**ကော့ကရိတ် နိုဝင်ဘာ ၂၈**

ကော့ကရိတ်မြို့လှိုင်ဝစစ်ဆေးရေးဂိတ်တွင် တရားမဝင်တင်သွင်းလာသော CP တံဆိပ် အေးခဲကြက်သားအိတ်များကို နိုဝင်ဘာ ၂၅ ရက်က ဖမ်းဆီးရမိခဲ့၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း လှိုင်ဝစစ်ဆေးရေးဂိတ်မှ တာဝန်ကျ ရဲအုပ်ဘုန်းကျော်နိုင်ထံမှ သိရသည်။

နိုဝင်ဘာ ၂၅ ရက်က ရဲအုပ်ဘုန်းကျော်နိုင် ဦးစီးသည့်အဖွဲ့နှင့် ကော့ကရိတ်မြို့နယ် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်တင်သွင်းတင်ပို့မှုတားဆီးရေး ကြီးကြပ်မှုအဖွဲ့မှဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးနှင့် အတွင်းရေးမှူး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးအရာရှိ ဒေါက်တာရွှေမောင်တိုအဖွဲ့က လှိုင်ဝဂိတ်၌ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မြဝတီမြို့ဘက်မှ ဘားအံမြို့ဘက်သို့ မောင်းနှင်လာသည့် တိုယိုတာဟိုင်းလတ်ယာဉ်တစ်စီးပေါ်မှ တစ်ကီလိုဂရမ်အထုပ် ၄၀ စီပါဝင်သော ဆာလာအိတ် ၁၉ အိတ်ဖြင့် ထည့်ထားသည့် အေးခဲကြက်သားများကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသော ကားမှ ယာဉ်မောင်းမှာ ဘားအံမြို့နေ မိုက်မိုက်(၃၁ နှစ်)ဖြစ်ပြီး ၎င်းအား တိရစ္ဆာန်ရောဂါကာကွယ်ရေးဥပဒေအရ အရေးယူ၍ အေးခဲကြက်သားများကို နိုဝင်ဘာ ၂၆ ရက်တွင် စည်ပင်အမှိုက်ပစ်ကွင်း၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စားသုံးသူကာကွယ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့များရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



# မူဆယ်မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ဘဏ်များဖွင့်လှစ်

**မူဆယ် နိုဝင်ဘာ ၂၈**



ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသအတွင်း ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် မူဆယ်မြို့ပေါ်ရှိ စာသင်ကျောင်းများ ခေတ္တပိတ်ထားခဲ့ရာမှ ယခုအခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာ ယနေ့နံနက် ၁၀ နာရီက ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကာ စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကြသည်။

ယင်းနောက် မူဆယ်မြို့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ နိုဝင်ဘာ ၂၇ ရက်က မူဆယ်ဒေသအတွင်း ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိပြီး မူဆယ်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လူနာခုနစ်ဦးအတွက် ငွေကျပ်ခုနစ်သိန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က လည်းကောင်း၊ လူနာတစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် လူနာ ခုနစ်ဦး အတွက် ငွေကျပ် ၂၁၀၀၀၀ ကို ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် နိုဝင်ဘာ ၂၂ ရက်က လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်ခဲ့သဖြင့် သေဆုံးသွားသော အရပ်သားပြည်သူနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီဖြင့် ငွေကျပ် ၁၀ သိန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက သေဆုံးသူ၏ မိသားစုဝင်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် မူဆယ်မြို့ပေါ်တွင် ဖွင့်လှစ်ထားရှိသော မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီး၏ ငွေလွှဲ/ငွေထုတ် ဆောင်ရွက်နေမှုများနှင့် လုံခြုံရေးစောင့်ကြပ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# KIA လက်နက်ကိုင်တပ်ဖွဲ့ဝင် နှစ်ဦး ၎င်းတို့ထောင်ထားသော တိုက်မိုင်း ပေါက်ကွဲပြီးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၈**

KIA လက်နက်ကိုင်တပ်ဖွဲ့ဝင်နှစ်ဦးသည် ယမန်နေ့ညပိုင်းက ကာမိုင်းမြို့နယ်အတွင်း ၎င်းတို့ထောင်ထားသော တိုက်မိုင်းအား ပြန်လည်ဖော်ယူစဉ် ပေါက်ကွဲပြီး မိုင်းစထိမှန်သေဆုံးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းမှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် KIA လက်နက်ကိုင်အဖွဲ့မှ တပ်သားအဆင့်ရှိ ခါးလီနှင့် ဒွတ်လာတို့နှစ်ဦးအား နိုဝင်ဘာ ၂၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့က လဘန်ကထောင်ကျေးရွာ၏ တောင်ဘက်တစ်မိုင်ခန့်အကွာ၌ တိုက်မိုင်းနှစ်လုံး ထောင်ထားရာ ၎င်းမိုင်းများအား ယင်းတို့ကိုယ်တိုင်ဖော်ယူ၍ သက်မဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားသဖြင့် နိုဝင်ဘာ ၂၇ ရက် ညပိုင်းက သွားရောက်ဖော်ယူစဉ် တိုက်မိုင်းပေါက်ကွဲပြီး နှစ်ဦးစလုံး မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လားရှိုးမြို့နယ် ဟိုပိတ်ရွာအနီး လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲ

**နေပြည်တော် နိုဝင်ဘာ ၂၈**

လားရှိုးမြို့နယ် ဟိုပိတ်ရွာရှိ သံလွင်ဓာတ်ဆီအရောင်းဆိုင်အနီးတွင် ယနေ့ နံနက် ၁၁ နာရီခန့်က လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးတွေ့ရှိသည့် လက်လုပ်မိုင်းအစအနများကို တွေ့ရစဉ်

# KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့ ကွတ်ခိုင်မြို့နယ်အတွင်းရှိ တံတားတစ်စင်းအား မိုင်းခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၈**




ကွတ်ခိုင်မြို့နယ် မုံးယားရွာအနီး မုံးကိုး-မုံးစီး လမ်းဟောင်းပေါ်ရှိ အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေရှိ ကျောက်စီတံတားအား KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက နိုဝင်ဘာ ၂၆ ရက် ည ၉ နာရီခန့်က မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါတံတား မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးခဲ့ရာ လတ်တလောဖြတ်သန်းသွားလာ၍မရသေးကြောင်း သိရသည်။

**(သတင်းစဉ်)**

ကွတ်ခိုင်မြို့နယ် မုံးယားရွာအနီး မုံးကိုး-မုံးစီးသွားလမ်းဟောင်း အရှည် ၄၀ ပေ၊ အကျယ် ၁၂ ပေခန့် ကျောက်စီခုံးတံတားအား မိုင်းခွဲဖျက်ဆီးသည့်နေရာပြမြေပုံ


## အထက(ဗထူး) (ယခင်တပ်မတော်ကလေးများအထက်တန်းကျောင်း) (၁၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

ရပ်စောက်/ဗထူးနှင့် ရန်ကုန်မြို့တို့တွင် နှစ်စဉ်တစ်လှည့်စီကျင်းပခဲ့သော ပူဇော်ပွဲကို ယခုနှစ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ (၂)နှစ်နှင့်အထက် တာဝန်ထမ်း ဆောင်ခဲ့ပြီး အသက်(၆၀) ပြည့်ပြီးသည့် ဒေသအသီးသီးမှ ဆရာကြီး/ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်သွယ်ကြွရောက် အပူဇော်ခံကြပါရန်နှင့် ၁၉၆၀ မတိုင်မီကတည်းက ယခုအထိ တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများလည်း ပူးပေါင်းပါဝင်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) ကျင်းပမည့်ရက် - ၃၁-၁၂-၂၀၁၆ရက်(စနေနေ့)
(ခ) ကျင်းပမည့်အချိန် - ၉း၃၀နာရီ
(ဂ) ကျင်းပမည့်နေရာ - ဓနုဓမ္မာရုံ(ရွှေတိဂုံအရှေ့ဘက်မုခ်)
(ဃ) ဆက်သွယ်လှူဒါန်းလိုပါက-
(၁) ဦးခင်မောင်ဝင်း ဖုန်း-၀၉-၄၀၀၄၀၀၇၅၇
(၂) ဦးအောင်ဆန်းဦး ဖုန်း-၀၉-၄၃၀၄၃၅၆၅
(၃) ဒေါ်ခင်နီနီအောင် ဖုန်း-၀၉-၅၀၄၇၄၁၁
(၄) ဒေါ်သဇင်ထွေး ဖုန်း-၀၉-၅၄၀၄၀၂၅

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ (၄)ရပ်ကွက်နေ မဇင်မာဝင်း၏ ဖခင် ဦးတင်ရွှေနှင့်ဦးတင်မြသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးတင်ရွှေ(ခ)ဦးတင်မြ ၁၁/သတန(နိုင်)၀၂၃၀၁၆

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/6873၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/6787၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

**သမီးအဖြစ်မှစွန့်လွှတ်ခြင်း**

သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ ၁၉/ အရှေ့၊ အမှတ် ၅၂ နေ ဦးသီဟ၏ သမီး မဇင်မာထက် ၁၂/သကတ(နိုင်)၁၉၂၅၀၉သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၎င်းမဇင်မာထက်နှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း အသိပေးအပ်ပါသည်။
ဦးသီဟ

**အမည်ပြောင်း**

ဦးထွန်းလင်းအောင် ၈/မသန(နိုင်)၀၅၈၅၆၇၏သမီး မြို့သစ်မြို့နယ်၊ မြေခြား ကျေးရွာ အမက ဒုတိယတန်းမှ မသိမ့်စန္ဒီကိုအား မမြရတီလင်းဟု ပြောင်းလဲခေါ်ပါရန်။

## The Global New Light of Myanmar သတင်းစာတိုက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၆)

၁။ The Global New Light of Myanmarသတင်းစာတိုက်တွင် အသုံးပြုရန်လိုအပ်လျက် ရှိသည့်သတင်းစာစက္ကူအား အမေရိကန်ဒေါ်လာ+မြန်မာကျပ်ငွေဖြင့်အောက်ပါအတိုင်း ဝယ်ယူ လိုပါသည်။

| စဉ် | ကုန်ကြမ်းအမည် | ဝယ်ယူမည့်ပမာဏ | | ကုန်ကြမ်းအမျိုးအစား |
|---|---|---|---|---|
| (က) | ၆၄ လက်မစက္ကူ (1626mm) | (၁၆၀၀) | တန် | Jeonju(Standard newsprint Paper)45gsm,Core 76mm, Diameter 1016mm. |
| (ခ) | ၃၂ လက်မစက္ကူ (813mm) | (၂၅၀) | တန် | Jeonju(Standard newsprint Paper)45gsm,Core 76mm, Diameter 1016mm. |
| (ဂ) | မင်အနက် | (၆၂၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (ဃ) | မင်အဝါ | (၆၄၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (င) | မင်အပြာ | (၅၀၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (စ) | မင်အနီ | (၅၈၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (ဆ) | အယ်ကာလိုင်း | (၈၀၀) | လီတာ | Makoto Mc Mt-96 |
| (ဇ) | CTP Plate | (၆၆၀၀) | ချပ် | UV-CTP Positive PS-Plate Size:1098x806x0.3mm Brand: VPC-H |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၁၁-၂၀၁၆ရက်မှ ၈-၁၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၉-၁၂-၂၀၁၆ရက် နံနက် ၉နာရီမှ ၁၆း၃၀နာရီအတွင်း The Global New Light of Myanmarသတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
၄။ တင်ဒါဖွင့်မည့် အစီအစဉ်အား ထပ်မံအသိပေးပါမည်။

**တင်ဒါတင်သွင်းရန်လိပ်စာ**
The Global New Light of Myanmar **သတင်းစာတိုက်**
**အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၈၆၀၄၅၃၀၊ ၈၆၀၄၅၃၂**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးဆေးရည်၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရ မြန်မာနိုင်ငံသား ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် အချက်အလက်များစာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် လူကိုယ်တိုင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၂၈-၁၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၉နာရီ
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၉-၁၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါဆီများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ပရီမီယံဒီဇယ်ဆီ | (၁၀၀၀၀၀)ဂါလန် |
| (ခ) | ဒီဇယ်ဆီ | (၂၀၀၀၀၀)ဂါလန် |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၅-၁၂-၂၀၁၆ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

# လယ်ဝေးမြို့နယ်၌ မီးလောင်၊ နွားစာခြံတစ်လုံးဆုံးရှုံး

**လယ်ဝေး နိုဝင်ဘာ ၂၈**



ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ကန်လုကျေးရွာ၌ ယနေ့ ညနေ ၄ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ကန်လုကျေးရွာ ဦးသောင်းဆင့် နေအိမ်ဝင်းအတွင်းရှိ သုံးပင်ပတ်လည် နွားစာခြံတစ်လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များနှင့် ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကာ အခြားလူနေအိမ်များနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်၌ မီးလောင် နေအိမ်ခုနစ်လုံးဆုံးရှုံး

**နတ်တလင်း နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရေကြည်ကျေးရွာ၌ နိုဝင်ဘာ ၂၈ရက် မွန်းလွဲ ၁ နာရီခွဲက ဒေါ်ပု(၅၇ နှစ်)သည် နေအိမ်၏အနောက်ဘက်၌ အမှိုက်များမီးရှို့၍ မီးလှုံရာ မီးကြွင်းမီးကျန်မှတစ်ဆင့် စပါးကျီကို စတင်လောင်ကျွမ်းရာမှ နေအိမ်ခုနစ်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ တာပွန်နယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်နှစ်စီးတို့ လာရောက်ငြှိမ်းသတ်ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်နှင့် သန္နေတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ကြရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားသည်။

မီးဘေးသင့် အိမ်ထောင်စုခုနစ်စုအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နေထိုင်ရန်နှင့် အရေးပေါ်လိုအပ်နေသော အိုးခွက်ပန်းကန်၊ စောင် စသည့်လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ကူညီပေးပြီး ကျန်းမာရေးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့က ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသပေးခြင်း၊ သောက်ရေသန့်များ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကိုဆောင်ရွက်ကာ ဒေါ်ပုအား တာပွန်နယ်မြေရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# လူသတ်၍ ထွက်ပြေးတိမ်းရှောင်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ

**ဒလ နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မော်စက်ရပ်ကွက် ဖိုးရာဇာလမ်းရှိ မော်စက်ကန်ပေါင်ဘေး၌ နိုဝင်ဘာ ၂၇ ရက် ည ၈ နာရီက လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ည ၈ နာရီက မခင်လေး(၂၇နှစ်) ဆာပါချောင်ရပ်ကွက် ဒလမြို့နေသူသည် ကျန်စစ်သားရပ်ကွက် ငထွေရှုးလမ်းနေ ကျော်နိုင်ထွန်း(၂၆နှစ်)နှင့်အတူ မော်စက်ရပ်ကွက် ဖိုးရာဇာလမ်းရှိ မော်စက်ကန်ပေါင်ဘေး၌ ရှိနေစဉ် လိပ်ပိုကြီးဆိုသူက ကျော်နိုင်ထွန်းကို ဓားဖြင့်ထိုးသဖြင့် ဒဏ်ရာဖြင့်လဲနေကြောင်း မောင်ဇော်အားလာရောက်ပြောပြ၍ သွားရောက်ကြည့်ရှုရာ ၎င်း၏ညီဖြစ်သူ ကျော်နိုင်ထွန်းတွင် ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေကြောင်းတွေ့ရှိရပြီး မြို့နယ်ရဲစခန်းသို့ အကြောင်းကြားသဖြင့် သွားရောက်စစ်ဆေးခဲ့ကာ အလောင်းကို ရဲဆေးစာဖြင့် ဒလပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒလမြို့မရဲစခန်းကပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းငွေ(ဒလ)**

# တာချီလိတ်၌ မူးယစ်ဆေးဝါးရောင်းချသူနှင့် သုံးစွဲသူ ခြောက်ဦး ဖမ်းမိ

**တာချီလိတ် နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မယ်ခေါင်စိုက်ခင်းလမ်းရှိ တိုက်အမှတ်(၃/၁၉)ရှိ အိမ်ခန်းငှားလိုင်းတန်းလျား၌ မူးယစ်ဆေးဝါးရောင်းချသူနှင့် သုံးစွဲသူခြောက်ဦးတို့အား နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်တပ်ဖွဲ့စုမှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မယ်ခေါင်စိုက်ခင်းလမ်းရှိ တိုက်အမှတ်(၃/၁၉)တွင် တေဇ(ခ)ဇင်ကိုဝင်းမြင့်၊ အေးအေးမာနှင့် သစ္စာမို့မို့သွယ်တို့ သုံးဦးငှားရမ်းနေထိုင်သည့် တိုက်ခန်းအမှတ်(၁၅)အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ သားငယ်(ခ)လှဝင်းနိုင်၊ တေဇ(ခ)ဇင်ကိုဝင်းမြင့်၊ သီဟ (ခ) သီဟသက်ဆွေ၊ သားချော(ခ)မာရီယာနို၊ သစ္စာမို့မို့သွယ်နှင့် အေးအေးမာတို့ကို တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ သားငယ်(ခ)လှဝင်းနိုင်ထံမှ မက်သာအက်ဖီတမင်း(အိုက်စ်)ပုံဆောင်ခဲ အလေးချိန် ၀ ဒသမ ၄ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆ ပြား၊ အလေးချိန် ၁၂ ဒသမ ၆ ဂရမ်ခန့်ပါ တစ်ထုပ်၊ ဒေသတန်ဖိုးငွေကျပ် ၁၉၀၀၀ ခန့်နှင့် အိပ်ခန်းအတွင်းမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

အမှုမှဖမ်းဆီးရမိသူ သားငယ်(ခ)လှဝင်းနိုင်ပါ ခြောက်ဦးကို တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကွန်ဟိန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်က ကွန်ဟိန်းမြို့နယ် ကာလိ-မိုင်းပျဉ်းသွားကားလမ်း တာကော်ပူးပေါင်းစစ်ဆေးရေးစခန်း၌ အိုက်စံမောင်းနှင်ပြီး အိုက်လီ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ သိမ်းဆည်းရမိသဖြင့် အိုက်စံ(၂၄ နှစ်)နှင့် အိုက်လီ (၂၅နှစ်)တို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စလင်း၌ ရွှေအတုပေါင်နှံသူကို အရေးယူ

**စလင်း နိုဝင်ဘာ ၂၈**-မကွေးတိုင်းဒေသကြီး စလင်းမြို့၌ နိုဝင်ဘာ ၂၈ ရက်က အမိန့်ရအပေါင်ဆိုင်တွင် ရွှေအတုလိမ်လည်ပေါင်နှံမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ စလင်းမြို့နယ် ရွှေဘုံသာအုပ်စု ကြည်တော်စုကျေးရွာနေ ခိုင်လင်းနှင့် ၎င်း၏ဇနီးဖြစ်သူ မလှဝင်းဌေးတို့သည် ဇီဝိတ အမှတ် ၈ အမိန့်ရအပေါင်ဆိုင်သို့ အလေးချိန် ၁ ကျပ် ၈ ပဲ ၇ ရွေးခန့်ရှိသော စက်ဖြတ်အမျိုးအစား ရွှေလက်ကောက်နှစ်ကွင်းကို လာရောက်ပေါင်နှံသဖြင့် ဆိုင်ရှင်ကစစ်ဆေးကြည့်ရာ အဆိုပါလက်ကောက်နှစ်ကွင်းမှာ အတုများဖြစ်နေသဖြင့် မြို့မရဲစခန်းသို့ဖုန်းဖြင့်အကြောင်းကြားသဖြင့် ဒုရဲအုပ်ကျော်မြင့်ဝင်းက လာရောက်စစ်ဆေးခဲ့ပြီး ရွှေအတုပေါင်နှံသူများကို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည် ။ **စစ်ကြည် (စလင်း)**







**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ယ/၄၆၀၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၅/ကသန(နိုင်)၀၄၈၁၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိုးညှင်း)**

**သွေးသည် အသက်**

**ကန့်ကွက်နိုင်ပါကြောင်း**

လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ အကွက်အမှတ် (၁၀/ဂ-ရမခ အနောက်)၊ ဦးပိုင်အမှတ်(၁၂၇)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၇ ဧကရှိမြေကွက်မှာ မြေဂရန်အမှတ်-၂၉၂-၅/၂၀၀၈-၂၀၀၉(အေ)အရ ဦးသိန်းလွင်အမည်ပေါက်ပြီး ၎င်းကွယ်လွန်သွားရာ ဇနီးဖြစ်သူ ဒေါ်ခင်မေသန်းက (၈-၆-၂၀၁၆)ရက်တွင် ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၃၁၆I/၂၀၁၆)ဖြင့်ပိုင်ဆိုင်ပြီး အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခရိုင်ထွေ/အုပ်ရုံးသို့ ရက်ပေါင်း ၂၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်မေသန်း ၁၃/လရန(နိုင်)၀၀၇၆၅၃**

**ကန့်ကွက်နိုင်ပါကြောင်း**

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (ကျောက်တောင်ရပ်) ဦးပိုင်အမှတ် (၁၇)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၂၁ ဧက၊ အမှုတွဲအမှတ် ၂၁၃-၅/၂၀၀၆-၂၀၀၇(စီ)ဖြင့် ဒေါ်ချွေကြိုင်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၃၁-၃-၂၀၁၆ ရက်စွဲပါ စာအမှတ် (၂၆၇I/၂၀၁၆)အရ ဒေါ်ခင်ချိုပြုံး+ဦးအုန်းလွင်တို့မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချိုပြုံး ၅/မရန(နိုင်)၁၇၂၂၃၉**
**ဦးအုန်းလွင် ၅/မရန(နိုင်)၁၇၁၇၆၆**

**ကန့်ကွက်နိုင်ပါကြောင်း**

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ နယ်မြေ (၄)၊ အကွက်အမှတ် (၂၆/လုံလော့ရပ်)၊ ဦးပိုင်အမှတ် (၅/၄)၊ ဧရိယာ ၀ ဒသမ ၁၆၂ ဧက၊ အမှုတွဲအမှတ်-၈၅၄-၅/၂၀၀၂-၂၀၀၃(အေ)ဖြင့် ဦးဟော်ချီကျွမ်းအမည်ပေါက်ပိုင်ဆိုင်၍ လားရှိုးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၁၀I/၂၀၁၄ ဖြင့် အိမ်မြေကွက်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို မှတ်ပုံတင်ပြီး ဇနီးဖြစ်သူ ဒေါ်ရှောက်စန်းအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက ခရိုင်ထွေ/အုပ်ရုံးသို့ ရက်ပေါင်း ၂၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ရှောက်စန်း ၁၃/လရန(နိုင်)၀၅၇၆၁၀**

**သမီးအဖြစ်မှစွန့်လွှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ ကျွန်းကလေးရွာနေ မထက်ထက်စိုးဦး ၇/လပတ(နိုင်)၁၀၉၃၅၉ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအရ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးသိန်းဦး-ဒေါ်သန်းသန်းစိုး**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ နယ်မြေ(၁)၊ အကွက်အမှတ် (၉၊ မြို့ဝမ်ရပ်) ဦးပိုင် (၃၄)၊ ဧရိယာ ၀ဒသမ ၃၄၅ဧကရှိ ဒေါ်နန်းခမ်းလူအမည်ပေါက်မြေမှ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ၀ ဒသမ ၀၇၄ ဧကအား ၁၄-၇-၂၀၁၆ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၃၅၈I/၂၀၁၆)ဖြင့် ဒေါ်နန်းခမ်းအောင်မှ ခွဲစိတ်ဝယ်ယူပြီးဖြစ်ပါ၍ ဦးပိုင်မြေဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်နန်းခမ်းအောင် ၁၃/လရန(နိုင်)၀၁၀၀၈၅**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (၁+၇+၈)၊ တိုးချဲ့ ဦးပိုင်(၁၁၂၀)၊ ဧရိယာ ၀ဒသမ ၀၈၃ဧက၊ မြေအမှုတွဲအမှတ် (၅၅-၅/၂၀၀၅/၀၆)ရှိ ဒေါ်မြထွေး ၁၂/အစန(နိုင်)၀၀၈၂၅၆ အမည်ပေါက်မြေအား ဦးကြီးမြင့်သို့ လွှဲပြောင်း ရောင်းချပြီးဖြစ်၍ ဦးပိုင်မြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးကြီးမြင့် ၁၃/လရန(နိုင်)၀၂၀၉၅၀**

# ဒုတိယအကြိမ်မြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေး နိုင်ငံဖြတ်ကျော်စက်ဘီးစီးပွဲတော် ကျင်းပ



**မြဝတီ နိုဝင်ဘာ ၂၈**

ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန့် ခရိုင် ပရာကျွတ်ခရီခန့်မြို့နယ် ဒန်းစီခွန် တောင်ခြေရှိ နှစ်သစ်ကူးဈေးကွင်းအရှေ့ ယာယီမဏ္ဍပ်၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၇ နာရီခန့်က ထိုင်းနိုင်ငံ (ပရာကျွတ်ခရီခန့်)နှင့် မြန်မာနိုင်ငံ(မြဝတီမြို့)တို့မောင်နှမမြို့တော်များအကြား ရင်းနှီးချစ်ကြည်မှု တိုးမြှင့်ရေးအတွက် နိုင်ငံဖြတ်ကျော် စက်ဘီးစီးပွဲတော် ကျင်းပခဲ့ကြောင်း မောတောင်ဒေသ စက်ဘီးစီးပွဲတော် ကျင်းပရေးကော်မတီဝင်ထံမှ သိရသည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံမှ ပရာကျွတ်ခရီခန့်ခရိုင်ဝန် မစ္စတာ ထဝီနုရေစီရိကူ(န)နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဝင်း၊ ဌာနဆိုင်ရာများ၊ မြဝတီမြို့နယ်မှ စက်ဘီးစီး အားကစားသမား ၂၀ နှင့် ထိုင်းနိုင်ငံမှ စက်ဘီးစီး အားကစားသမား အမျိုးသား ၄၅၇ ဦး၊ အမျိုးသမီး ၁၄၄ ဦး၊ စုစုပေါင်း စက်ဘီးစီး အားကစားသမား အမျိုးသား၊ အမျိုးသမီး ၆၂၁ ဦး ပါဝင်ကြောင်း သိရသည်။

ထို့နောက် ပရာကျွတ်ခရီခန့်ခရိုင်ဝန်က မောတောင်ဒေသတိုက်နယ်ဆေးရုံ၌ အသုံးပြုရန်အတွက် ဝှီးချဲနှစ်လုံးနှင့် မောတောင်ဒေသ စာသင်ကျောင်းများအတွက် ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံးနှင့် စားပွဲတင်တင်းနစ် ရိုက်တံများကို ပေးအပ်လှူဒါန်းခဲ့ရာ မောတောင်ဒေသ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

မြန်မာ-ထိုင်း စက်ဘီးစီးအားကစားသမားများသည် ပရာကျွတ်ခရီခန့်မြို့ ခယောင်းဝါရပ်ကွက် စင်ခွန်း အထူးယာယီဂိတ်မှ နံနက် ၇ နာရီက စတင်စီးနှင်းခဲ့ပြီး မောတောင်နယ်စပ်ဂိတ်မှ ဝင်ရောက်၍ ၂၉ ကီလိုမီတာ အကွာအဝေးရှိသော အမှတ်(၉)ကျေးရွာ ဘုန်းကြီးကျောင်းသို့ နံနက် ၉ နာရီတွင် ရောက်ရှိရပ်နားခဲ့ကာ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် အမှတ်(၉)ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီခွဲခန့်တွင် တာလွှတ်သည့်နေရာ စင်ခွန်း အထူးယာယီဂိတ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး နိုင်ငံဖြတ်ကျော် စက်ဘီးစီးပွဲတော်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက စက်ဘီးအစီးရေ ၁၅၀၀ ခန့်ဖြင့် ပထမအကြိမ် စက်ဘီးစီးပွဲတော်ကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ မောတောင်နယ်စပ်ဂိတ်ကို ၂၀၁၃ ခုနှစ်၊ မေ ၈ ရက်က တရားဝင်ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံ စင်ခွန်းဂိတ်သည် ယခုအချိန်အထိ တရားဝင် ဖွင့်လှစ်ထားခြင်းမရှိသေးဘဲ အထူးယာယီနယ်စပ်ဂိတ် အဆင့်သာရှိသေးကြောင်း သိရသည်။ **မြင့်ဦး (မြဝတီ)**

## စာဆိုတော်နေ့ သက်ကြီးစာပေ ပညာရှင်များ ကန်တော့ပွဲ ဖိတ်စာထုတ်ယူရန် နှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် ၁၃၇၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ကန်တော့ပွဲကို ဒီဇင်ဘာ ၃ ရက် စနေနေ့ နံနက် ၉ နာရီ တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများ တက်ရောက်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများသည် နိုဝင်ဘာ ၃၀ ရက်မှစ၍ အမှတ်(၁၇၃/၁၇၅) ခုနစ်လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး၌ ဖိတ်စာများထုတ်ယူရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ယူနန်-အာဆီယံပြိုင်ပွဲ ကွာတားပွဲအဖြစ် ဟံသာဝတီနှင့်မြောင်တောင်အသင်း ယနေ့ကစားမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီအသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ၂၀၁၆ ယူနန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ထိုင်းပရီမီယာလိဂ်ကလပ် မြောင်တောင် ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၃၊ ၂၅၊ ၂၇ ရက်တွင် ကျင်းပခဲ့ပြီး ဟံသာဝတီအသင်းသည် အုပ်စု (F)တွင် လက်ရှိချန်ပီယံ လီဂျန်း (တရုတ်)၊ ဆာမတ်နာခတ် (လာအို)၊ ထိုင်းလေတပ် (ထိုင်း)တို့နှင့် တစ်အုပ်စုတည်းပါဝင်ခဲ့သည်။ ဟံသာဝတီအသင်းသည် အဖွင့်ပွဲတွင် ထိုင်းလေတပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဆာမတ်နာခတ်အသင်းကို နှစ်ဂိုး -ဂိုးမရှိ၊ လီဂျန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ခြောက်မှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုင်းပရီမီယာလိဂ်ထိပ်သီးကလပ် မြောင်တောင် ယူနိုက်တက်အသင်းသည် ယခုပြိုင်ပွဲတွင် လူငယ်ကစားသမားအများစုဖြင့် ယှဉ်ပြိုင်နေကြောင်း သိရသည်။

ဟံသာဝတီအသင်းသည် ယူနန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲတွင် သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တတိယ တစ်ကြိမ်ရရှိခဲ့ဖူးကာ ၂၀၁၅ ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့သည်။ **ဖိုးသော်ဇင်**

# အထက်မြန်မာပြည်တက္ကသိုလ် ဘောလုံးအသင်း တံခွန်စိုက်ဆုဖလားရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရန်ကုန်တက္ကသိုလ်ကွင်း၌ ကျင်းပခဲ့ရာ အထက်မြန်မာပြည်မှ တက္ကသိုလ်လက်ရွေးစင် နှစ်သင်း၊ အောက်မြန်မာပြည်မှ တက္ကသိုလ်လက်ရွေးစင် နှစ်သင်းတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါယှဉ်ပြိုင်ရာ၌ အမှတ်အများဆုံး နှစ်သင်းဖြစ်သည့် အထက်မြန်မာပြည် တက္ကသိုလ်အဖြူအသင်းနှင့် အောက်မြန်မာပြည် တက္ကသိုလ်အဝါအသင်းတို့ ဗိုလ်လုပွဲအဖြစ် နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းက ယှဉ်ပြိုင်ကစားကြရာ အထက်မြန်မာပြည် တက္ကသိုလ်အဖြူအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ငွေသားဆုချီးမြှင့်ပြီး ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပထမဆုရအသင်းအား တံခွန်စိုက်ဆုဖလားနှင့် တစ်ဦးချင်း ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**


## စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

အမေရိကန်နိုင်ငံ၊ လော့အိန်ဂျလိစ်မြို့နေ
ဦးမျိုးသန့်အောင်နှင့်ဇနီးဒေါ်ရွှေချင်းတို့၏ သားငယ်
Ryan Gao @ **မောင်ထက်လင်းအောင်**(B.Sc. Finance)
California State University, Long Beach
Senior Associate (Pricewaterhouse Coopers, Myanmar)နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ
ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး(ငြိမ်း)၊ နေပြည်တော်ကောင်စီဝင်(ငြိမ်း)
ဇေယျကျော်ထင် ဗိုလ်ချုပ်သန်းဌေး(ငြိမ်း)နှင့်ဇနီး ဒေါ်နွဲ့နွဲ့ဝင်းတို့၏ သမီးငယ်
**ဒေါက်တာယမင်းအေး(M.B.,B.S Yangon)**
**M.B.A (University of Thai Chamber of Commerce)**

တို့၏ ၂၄-၁၁-၂၀၁၆ ရက် (ကြာသပတေးနေ့) တွင် Melia Hotel Yangon (Grand Ballroom) ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသောစစ်ဘက်၊ နယ်ဘက်မှဂုဏ်သရေရှိအရာရှိကြီးများနှင့်ဇနီးများ၊ နှစ်ဖက်သောမိဘများ၏ ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသောတက္ကသိုလ်ဦးကိုကို၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော အကယ်ဒမီဒေါ်ချိုပြုံးနှင့် The Aces Music Band၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသောဒေါက်တာဆွေကျော်လင်းနှင့် မောင်ကောင်းထွဋ်ကျော်၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသောဒေါက်တာအိမွန်ဇော်နှင့် မမေမြတ်နိုးဦး၊ မင်္ဂလာပန်းကြဲအဖြစ်ဆောင်ရွက်ပေးပါသော မမေမိုးသန့်နှင့်မနရီအိမ့်ဖူး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသောမသဇင်အောင်နှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာနန်းနေနွယ်ဖုန်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်းများကို စိတ်တိုင်းကျတီထွင်ဖန်တီးပေးပါသော Designer ကိုမင်းသက်စံ (Sweet & Smart Fashion Collection)၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော ဦးစိုင်းစံပွင့်-ဒေါ်နန်းမေသိန်းကြည် (ခမ်းလီစိန်ရွှေရတနာဆိုင်၊ တောင်ကြီး၊ ရန်ကုန်)၊ မိတ်ကပ်ဒီဇင်ဘာနှင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် ပန်းအလှပြင်ဆင်ပေးပါသော His & Her Bridal Boutique and Wedding Planning Service၊ အစားအသောက်နှင့် နေရာထိုင်ခင်းများကိုစီစဉ်ပေးပါသော Melia Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဓာတ်ပုံနှင့်ဗီဒီယိုများ မှတ်တမ်းတင်ရိုက်ကူးပေးပါသောဓာတ်ပုံ ကိုပီတာမင်းဆက် (The Bridal Garden Wedding Dress and Studio) နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ သပ်ရပ်လှပစွာ ဆောင်ရွက်ပေးပါသော (Y-Collection) အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၁၁-၂၀၁၆ ရက်တွင် ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်တွင် ဆင်ယင်ကျင်းပခဲ့သော ဘိသိက်မင်္ဂလာနှင့် မင်္ဂလာဆွမ်းကျွေး၌ ဘိသိက်မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးခဲ့ပါသော ဦးစိုးတင့် (မဟာသဒ္ဓမ္မဇောတိကဓဇ)အားလည်းကောင်း၊ ၂၁-၁၁-၂၀၁၆ရက်တွင် မင်္ဂလာဦးအထိမ်းအမှတ်အဖြစ်စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ သံဃာအပါး(၅၀၀) အရဏ်ဆွမ်းလောင်းလှူပွဲတွင် မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော သာသနာ့ဝေယျာဝစ္စအသင်းဦးဝင်းကြိုင်(ဥက္ကဋ္ဌ)နှင့်အဖွဲ့အားလည်းကောင်း၊ ၂၁-၁၁-၂၀၁၆ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၌ ခရိုင်တရားသူကြီး ဒေါ်ဆွေဆွေရှေ့မှောက်တွင် ထိမ်းမြားမင်္ဂလာစာချုပ်၌ လက်မှတ်ရေးထိုးခြင်း၊ ၂၂-၁၁-၂၀၁၆ရက်တွင် ဇမ္ဗူသီရိဗိမာန်တော်၌ စစ်ကိုင်းခင်မကန်ဆရာတော် အရှင်ခေမိန္ဒဟောကြားတော်မူခဲ့သော မင်္ဂလာဦးအထိမ်းအမှတ် ဓမ္မပူဇာတရားပွဲကျင်းပခြင်းအစရှိသော မင်္ဂလာအခမ်းအနားများအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှမေတ္တာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပါသော ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျွန်တော်ကျွန်မတို့မှ အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**Ryan Gao @မောင်ထက်လင်းအောင်-ဒေါက်တာယမင်းအေး**






## ပြင်ဆင်ဖတ်ရှုပါရန်

(၂၈-၁၀-၂၀၁၆) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာ မျက်နှာ (၁၄) တွင် ဖော်ပြပါရှိသော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာကျေးဇူးတင်လွှာ၌ အခမ်းအနားမှူးအဖြစ် ဦးသန်းမြတ်စိုးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ဒေါက်တာ ဇော်ထွန်းနိုင်(ခ)ကိုကီးနှင့် မခင်သီတာ

## အငှမအကြိမ်မြောက် အထက(စဥ့်ကိုင်) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပို့ချခဲ့ကြပါသော အသက်(၆၀)ပြည့်နှင့် အထက်ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသားကျောင်းသူဟောင်းများက အာစရိယဂုဏ်ကိုရည်မှန်း၍ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသားကျောင်းသူဟောင်းများအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်ပူဇော်ကန်တော့ကြပါရန်၊ အလှူငွေများ ပါဝင်လှူဒါန်းပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - **(၁၃၇၈ခုနှစ် နတ်တော်လဆန်း ၄ရက်)**
**၃-၁၂-၂၀၁၆ရက်(စနေနေ့)**
**အချိန်** - **နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီ**
**နေရာ** - **အထက(စဥ့်ကိုင်)**

အလှူငွေများကို အောက်ဖော်ပြပါ ဘဏ်အကောင့်များသို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

KBZ (**စဥ့်ကိုင်**)312.302.02800080101
CB (**စဥ့်ကိုင်**)0116600200000035

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၃၄၀၂၂၊ ၀၉-၂၀၀၁၀၁၉၊ ၀၉-၅၁၁၃၁၀၅**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
(ဦးမောင်ငယ်-ဒေါ်ဖွားရင်)တို့၏သား
**မောင်ချစ်ထွေး B.Sc(Maths) MSc.Q**
**နှင့်**
ရန်ကုန်မြို့နေ
ဦးအောင်မြင့်-ဒေါ်အေးမြင့်တို့၏သမီး
**မမိုးမိုးအောင် B.Sc(Bot)**

တို့သည် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ ၆-၁၁-၂၀၁၆ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ချစ်ထွေး-မမိုးမိုးအောင်**






## ကျေးရွာအတွက် စက်ရေတွင်းနှင့် ရေကန် လှူဒါန်း

**မြိုင် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာတန်းရှည်ကျေးရွာနေ ပြည်သူများအတွက် စက်ရေတွင်း၊ ရေကန်နှင့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ လှူဒါန်းပွဲကို ကျေးရွာ အလက(ခွဲ)ကျောင်း၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

စက်ရေတွင်း၊ရေကန်နှင့် စာရေးကိရိယာများကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ အောင်စေတီဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစတိလနှင့် တပည့်သာဝကများက လှူဒါန်းခြင်းဖြစ်သည်။ လှူဒါန်းပွဲတွင် အောင်စေတီ ဆရာတော်ကြီး အမှူးပြုသည့် သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး ဆရာတော်က စက်ရေတွင်း၊ ရေကန်နှင့် စာရေးကိရိယာများ လှူဒါန်းရခြင်းကြောင့် ရရှိသော အကျိုးတရားများကို ဟောကြားသည်။ ထို့နောက် ပခုက္ကူခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အလှူရှင် ဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

စက်ရေတွင်းအတွက် ဆရာတော်ကြီးနှင့် တပည့်ဒါယကာများက လှူဒါန်းငွေ ကျပ်သိန်း ၂၄၀ နှင့် ကျေးရွာမှထည့်ဝင်ငွေ ကျပ်သိန်း ၄၀၊ စုစုပေါင်း ကျပ်သိန်း ၂၈၀ ခန့် အကုန်ကျခံဆောင်ရွက်ခဲ့ပြီး ရေတွင်းမှာ အနက်ပေ ၈၀၀ ရှိ လေးလက်မစက်ရေတွင်းဖြစ်ကာ တစ်နာရီလျှင် ရေဂါလန် ၁၃၀၀ ကျော်ခန့်ထွက်ရှိ၍ ကျေးရွာနေပြည်သူ ၁၅၀၀ ကျော်နှင့် အိမ်မွေးတိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ကြောင်း သိရသည်။ (၁၃၅)

## နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၂၈**

Kachin State Women Network (KSWN) နှင့် လူမှုရေး အဖွဲ့အစည်း ၁၆ ခုတို့ပူးပေါင်းပြီး နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုအခမ်းအနားကို မြစ်ကြီးနားမြို့မနော်ကွင်း၌ နိုဝင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့ကြသည်။

"ကချင်ပြည်နယ်မှာ အမျိုးသမီးတွေဟာ ဆိုရင် ပုံစံအမျိုးမျိုးနဲ့ အကြမ်းဖက်ခံနေရတယ်။ တချို့ဆိုရင် လမ်းပေါ်၊ အိမ်၊ စစ်ပွဲ အတွင်းတွေမှာ အကြမ်းဖက်မှုတွေ အများဆုံးခံရတာဖြစ်တယ်။ အမျိုးသမီးတွေဟာ အကြမ်းဖက်ခံရတဲ့နေရာမှာ ရောင်းစားခံရတာ၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာနဲ့ လိင်ပိုင်းဆိုင်ရာတွေမှာ အများဆုံးအကြမ်းဖက်ခံရပြီး မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အတွင်း အကြမ်းဖက်မှု ခံရသလို စစ်ပွဲဖြစ်ပွားတဲ့ နယ်မြေအတွင်း အများဆုံးဖြစ်တယ်"ဟု KSWN မှ တာဝန် ခံ ဒေါ်ခေါန်မိုင်းကပြောသည်။

၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲ တပ်ဖွဲ့၏ သတင်းများအရ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုပေါင်း




၆၀၀ ကျော်ရှိပြီး (KSWN)အဖွဲ့သို့ လာရောက်အမည်စာရင်းပေးချက်အရ ယနေ့အချိန်အထိ အမျိုးသမီးများ အကြမ်းဖက်ခံရမှု ၁၀၀ ကျော်ရှိကြောင်း သိရသည်။ "အမျိုးသမီးများကိုအကာအကွယ်ပေးတဲ့ ဥပဒေ အနည်းအကျဉ်းပဲရှိသေးတယ်။ ကာကွယ်ပေးတဲ့ဥပဒေ ရှိသင့်သလို အမျိုးသမီးတွေ အကြမ်းဖက်ခံရတဲ့အချိန်မှာ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ပေးစေချင်တယ်"ဟု ဒေါ်ခေါန်မိုင်က ဆက်လက်ပြောကြားသည်။ ထို့အတူ ယခုအခါသည် ၂၁ ရာစု ပင်လုံညီလာခံကိုလည်း ကျင်းပချိန်နီးလာပြီဖြစ်၍ ထိုညီလာခံတွင် အမျိုးသမီးအရေးများနှင့်ပတ်သက်၍လည်း ဆွေးနွေးစေချင်ကြောင်းနှင့် အမျိုးသမီးများ၏ အသံများလည်း ပါဝင်စေချင်ကြောင်း ပြောကြားသည်။

နိုင်ငံတကာအမျိုးသမီးများအပေါ်အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ လှုပ်ရှားမှုအဖြစ် မြစ်ကြီးနားမြို့အတွင်း လူစည်ကားသော နေရာခြောက်ခုတွင် ပြည်သူများအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေး လှုပ်ရှားမှုတွင် ပါဝင်လာစေရန် စည်းရုံးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ၁၉၄၅ ခုနှစ်က ဂျပန်စစ်သည်များ ကျဆုံးခဲ့သည့်နေရာတွင် ကျန်ရစ်သူမိသားစုများက အမှတ်တရကျောက်စာတိုင် စိုက်ထူ

**ညောင်လေးပင် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကလိန်ခင်စံပြကျေးရွာအုပ်စု ထွနီကုန်းကျေးရွာအနီး၌ ၁၉၄၅ ခုနှစ်အတွင်းက စစ်ပွဲတွင် ကျဆုံးခဲ့သော ဂျပန်စစ်သည်များအား ရည်စူး၍ ချစ်ကြည်ငြိမ်းချမ်းရေးချယ်ရီပင်စိုက်ပျိုးပွဲနှင့် အမှတ်တရကျောက်စာတိုင် စိုက်ထူပွဲကို ဂျပန်သံရုံး၏ အကူအညီဖြင့် ကျန်ရစ်သူ ဂျပန်လူမျိုးမိသားစုဝင်များက နိုဝင်ဘာ ၂၅ ရက်က လာရောက်ကျင်းပခဲ့ကြောင်း သိရသည်။

ကျန်ရစ်သူမိသားစုများက ကလိန်ခင်စံပြကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် ဘောပင် အချောင်း ၆၀၀ တို့ကို ပေးအပ်လှူဒါန်းကာ ကျောင်းဝင်းအတွင်း၌ ချစ်ကြည်ငြိမ်းချမ်းရေး ချယ်ရီပင်သုံးပင်ကို စိုက်ပျိုးခဲ့သည်။ ထို့နောက် ဂျပန်စစ်သည်များ ကျဆုံးခဲ့ရာ ထွနီကုန်းကျေးရွာ တောင်ဘက် သံတံတားအနီး၌ ငြိမ်းချမ်းရေးချယ်ရီပင်များစိုက်ပျိုးကြပြီး အမှတ်တရကျောက်စာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ရေစက်ချအမျှပေးခဲ့ကြသည်။ ဆက်လက်၍ ကလိန်ခင်ကျေးရွာ တောင်သီတာကျောင်း၌ ဆရာတော်နှင့်အတူ ငြိမ်းချမ်းရေးချယ်ရီပင်ကို စိုက်ပျိုးပြီး အမှတ်တရ ကျောက်စာတိုင်ကို စိုက်ထူကြသည်။

ကျဆုံးခဲ့သော ဂျပန်စစ်သည်များ၏ ကျန်ရစ်သူမိသားစုဝင်များက ဂျပန်သံရုံး၏ အကူအညီရယူကာ ကလိန်ခင်ကျေးရွာဆရာတော်အရှင် ဉာဏဓဇကို ဦးထိပ်ထားလျက် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထိမ်းအမှတ်ပြု၍ မြန်မာ၊ အင်္ဂလိပ်၊ အိန္ဒိယ၊ ဂျပန် လေးနိုင်ငံချစ်ကြည်ရေးကို အလေးထားကာ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျဆုံးသွားသော ဂျပန်စစ်သည်များသည် ၁၉၄၅ ခုနှစ် ဩဂုတ် ၁ ရက်က ထိုနေရာတွင် အင်္ဂလိပ်တပ်များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ဂျပန်တပ်မတော်မှ စစ်သည် ၄၀၀ နီးပါး ကျဆုံးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအား အသိပညာပေးဟောပြော

**မလှိုင် နိုဝင်ဘာ ၂၈**

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မလှိုင်မြို့နယ်အတွင်း ဒေသခံပြည်သူများ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်ကြီးများတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို မလှိုင်မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။




မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအေးသောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ယုဝအောင်၊ New Force၊ Home Sweet၊ ဆီဆိုင်မင်း၊ Green Power စသည့် စက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆီဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တစ်ဆိုင်ချင်း လိုက်လံစစ်ဆေးပြီး ဆိုင်ဝန်ထမ်းများအား မီးသတိပြုရေးအတွက် အသိပညာပေးဟောပြောခြင်းများလည်း ဆောင်ရွက်ခဲ့ကြကာ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များမှ ဝန်ထမ်းများအား မီးသတ်ဆေးဘူး အသုံးပြုနည်းများကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်နည်းကိုလည်း သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## မြဝတီမြို့ လေးကေ့ကော်မြို့သစ်၌ မှိုစိုက်ပျိုးရေးသင်တန်းဖွင့်လှစ်လျက်ရှိ

**မြဝတီ နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ် မြဝတီမြို့ လေးကေ့ကော်မြို့သစ်တွင် လက်ရှိနေထိုင်နေသည့် ဒေသခံများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများ၏ အသက်မွေး ဝမ်းကျောင်းမှုအတွက် အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်သင်တန်းများကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်က မှိုစိုက်ပျိုးရေးသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားရာတွင် သဘာဝအလျောက်ထွက်ရှိသည့် မှိုမျိုးအပြင် ယခုလို ခေတ်မီစိုက်ပျိုးနည်းပညာများဖြင့် မှိုမွေးမြူနည်း၊ မျိုးပွားနည်းမှစ၍ သင်ကြားပေးမည်ဖြစ်သည့်အတွက် ကိုယ်တိုင်မှိုများကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတတ်ထားသည့်ပညာဖြင့် ကိုယ်တိုင် မှိုမျိုးစေ့ထုတ်နိုင်မည်ဖြစ်ကာ မှိုမျိုးစေ့ဖြန့်ဖြူးနိုင်သည့်ဈေးကွက်တစ်ခုဖော်ဆောင်နိုင်ခြင်းဖြင့် မိသားစုပေါင်းများစွာ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်သီနွယ်က သင်တန်းနှင့်ပတ်သက်သည့်အချက်များ၊ ဈေးကွက်ရှိပြီး ကာလတိုအတွင်း ဝင်ငွေပြန်လည်ရရှိနိုင်သော မှိုစိုက်ပျိုးခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ တိုးတက်စေမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ရှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



**နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးမှုများကို နေပြည်တော်ရဲတပ်ဖွဲ့၏ ပြခန်းမော်တော်ယာဉ်ဖြင့် လှည့်လည်ပြသလျက်ရှိရာ နိုဝင်ဘာလ စတုတ္ထပတ်က ညောင်လွန့်ကျေးရွာရှိ စာသင်ကျောင်းများ၌ ရပ်တန့်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်ဦးနှင့်အဖွဲ့က ဒေသခံပြည်သူများအား ရှင်းလင်းပြသနေစဉ်**

တင်ထွန်းတာ

# ကက္ကူစေတီတော်

မောင်သာ(ရှေးဟောင်းသုတေသန)

**ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ ၂၆ မိုင်အကွာရှိ ကျယ်ပြန့်သောလွင်ပြင်တွင် တစ်စုတစ်ဝေးတည်း တည်ရှိနေသည့် စေတီတော် အဆူ ၂၅၀၀ နီးပါးကို သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ကက္ကူဘုရားတောဟုအမည်ပေးခဲ့သည်။ သစ်ပင်များစုဝေးနေသည့်နေရာကို သစ်တောဟုခေါ်ဆိုသဖြင့် စေတီဘုရားများစုဝေးနေသည့်နေရာကို ဘုရားတောဟု အမည်ပေးခဲ့ခြင်း ဖြစ်နိုင်ပေသည်။**

မြန်မာ့ရှေးဟောင်းမြို့တော် ပုဂံတွင် စေတီပုထိုးသာသနိက အဆောက်အအုံများ စုဝေးနေသော်လည်း ပုဂံကို စေတီတော၊ ဘုရားတောဟု ခေါ်လေ့မရှိကြခြင်းသည် ပုဂံစေတီပုထိုးများသည် အဝန်းအဝိုင်းတစ်ခုအတွင်း ကက္ကူစေတီများကဲ့သို့ တစ်စုတည်း၊ အတန်းလိုက် ရှိမနေသောကြောင့် ဖြစ်နိုင်ပေသည်။

ကက္ကူသည် ပအိုဝ်းဘာသာစကား ကင်းစခန်း(ကက်) နယ်ခြား(ကူ)ဖြစ်ပြီး ယခင် ဆီဆိုင်စော်ဘွားပိုင်နယ်နှင့် ညောင်ရွှေစော်ဘွားပိုင်နယ်အကြား နယ်စပ်ဒေသသည် ထိုနယ်စပ်တွင်ရှိသော ဘုရားကို ပအိုဝ်းဘာသာဖြင့် ကက္ကူဘုရားပွဲဟု ဘွဲ့အမည်ခေါ်ဆိုခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်မှ ဘွဲ့လွန်ကျောင်းသားများဖြစ်ကြသည့် ဦးကျော်တင့်၊ ကိုဇီဝ၊ ကိုဇေယျာထွန်းတို့ ဦးဆောင်သည့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် လေ့လာရေးခရီးစဉ်တွင် ကျွန်တော်လိုက်ပါခွင့်ရရှိခဲ့ပြီး လွန်ခဲ့သော ရက်သတ္တပတ်က ကက္ကူသို့ ရောက်ရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူနေကြသည့် ဦးကျော်တင့်နှင့်အဖွဲ့သည် မကြာခဏ ခရီးထွက်၍ ဗဟုသုတများ ရှာဖွေစုဆောင်းနေသူများ ဖြစ်ကြသည်။

ကက္ကူရွာသည် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ နောင်ခါးကျေးရွာအုပ်စု မွေတော်ရွာတွင်တည်ရှိသဖြင့် ကက္ကူစေတီတော်များသည် မွေတော်ကက္ကူဟု ထင်ရှားလျက်ရှိသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရှမ်းပြည်နယ်အတွင်း စောင့်ရှောက်ထိန်းသိမ်းပြုပြင်ထားသည့် ရှေးဟောင်းအဆောက်အအုံများအနက် ကျိုင်းတုံမြို့နယ်မှ ကျိုင်းတုံမြို့ဟောင်း၏ မြို့ရိုးနှင့်ကျုံး၊ ညောင်ရွှေမြို့နယ်မှ ရွှေအင်းတိမ်၊ ရွာငံမြို့နယ်မှ ပြဒါးလင်းဂူနှင့် ဟိုပုံးမြို့နယ်မှ မွေတော်ကက္ကူတို့သည် ပြည်တွင်းပြည်ပက ခရီးသွားများ အကြား အထူးထင်ရှားလှပေသည်။

ကက္ကူစေတီများရှိရာသို့ မော်တော်ယာဉ်များဖြင့် သွားရောက်နိုင်သကဲ့သို့ မီးရထားဖြင့်လည်း သွားရောက်နိုင်သည်။ ကက္ကူစေတီတော်ဝင်းအနီးတွင် ကက္ကူမီးရထားဘူတာရုံရှိသည်။ ကက္ကူသို့ မရောက်မီ ကြီးမားကျယ်ပြန့်သော မြေပြန့်တွင် သက်တမ်းရင့် ညောင်ပင်ကြီးများကို တွေ့ကြရသည်။ ကက္ကူသို့ လာရောက်ကြသူများနှင့် နားနေနိုင်ကြစေရန် အပင်ကြီးများကို ဝိုင်းပတ်လျက် သစ်သားထိုင်ခုံများ ပြုလုပ်ထားပြီး ယခင်က အပင်များအောက်တွင် ဖွင့်လှစ်ရောင်းချကြသည့် ဈေးဆိုင်များအား မွေတော်ကက္ကူဈေးရုံအသစ်သို့ ပြောင်းရွှေ့ပေးထားသဖြင့် မြင်နေရသည်မှာ စိတ်ကြည်နူးဖွယ်ကောင်းလှပြီး စေတီဝင်းကို အုတ်တံတိုင်းဖြင့် ပတ်လည်ကာရံထားကာ ဝင်းအတွင်းသို့ အနောက်ဘက်မုခ်မှ ဝင်ရောက်ကြရသည်။ ကက္ကူစေတီများအား ဂေါတမဘုရားရှင်၏ ဓာတ်တော်မွေတော်များကို ဌာပနာထားပြီး ဤဘဒ္ဒကမ္ဘာတွင် ရှေးဦးစွာပွင့်တော်မူခဲ့သော ကကုသန်ဘုရားရှင် ဘွဲ့အမည်တော်ကို ပူဇော်၍ ကက္ကူဘုရားဟု ခေါ်ဆိုကြောင်း စေတီသမိုင်းမှတ်တမ်းစာအုပ်တွင် ရေးသားထားသည်။

**ကက္ကူစေတီများအား ဂေါတမဘုရား ရှင်၏ ဓာတ်တော်မွေတော်များကို ဌာပနာထားပြီး ဤဘဒ္ဒကမ္ဘာတွင် ရှေးဦးစွာပွင့်တော်မူခဲ့သော ကကုသန်ဘုရားရှင် ဘွဲ့အမည်တော်ကို ပူဇော်၍ ကက္ကူဘုရားဟု ခေါ်ဆိုကြောင်း စေတီသမိုင်းမှတ်တမ်းစာအုပ်တွင် ရေးသားထား**



ကက္ကူစေတီတော်ဘွဲ့အမည်များကို ၁၉၃၃ ခုနှစ် ကမ္ပည်းတွင် ကက္ကူမွေတော်ဘုရားဟုလည်းကောင်း၊ နရပတိစည်သူသမိုင်းတွင် ရွှေဝက်ကူးဘုရားဟုလည်းကောင်း၊ ၁၈၀၆ ခုနှစ်မှတ်တမ်းတွင် သက်တူဘုရားဟုလည်းကောင်း၊ ၁၇၉၃ ခုနှစ် ခေါင်းလောင်းကမ္ပည်းတွင် ရွှေဂူကြီးဘုရား ဟုလည်းကောင်း မှတ်တမ်းပြုရေးထိုးထားကြောင်း သိရှိရပေသည်။ တောင်သူကွမ်းညှပ်၊ တဖြတ်ဖြတ်ဟု အမှတ်အသားပြုချက်အရ စေတီပေါင်း ၇၆၂၃ ဆူရှိသည်ဟု ဆိုကြသော်လည်း မှတ်တမ်းများအရ ၁၉၂၈ ခုနှစ်တွင် ၂၅၄၈ ဆူ၊ ၁၉၁၈ ခုနှစ်တွင် ၂၄၀၂ ဆူ ရှိခဲ့သည်။ ဒေါက်တာသန်းထွန်း၏ ကက္ကူတောဘုရားတောစာတမ်းအရ ကက္ကူစေတီများသည် ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် ၂၄၇၈ ဆူရှိကြောင်း သိရှိရပေသည်။

ယင်းစာတမ်းတွင် ကက္ကူမွေတော်အကြောင်းကို ဘိုးတော်ဘုရားဗဒုံမင်း(ခရစ်နှစ် ၁၇၈၅-၁၈၁၉) လက်ထက်တွင် ပေစာတစ်စောင်တွင် ဖတ်ဖူးသည်ဟု ပြောစကား ကြားဖူးကြောင်း၊ ၁၇၉၃ ခုနှစ် ခေါင်းလောင်းစာတွင် ကုန်းတော်ပေါ်မှ စေတီကြီးကို ရွှေဂူကြီးဟု ခေါ်ဆိုကြောင်း၊ ၁၈၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စေတီတော်ကြီးကို ထီးတော်တင်လှူခဲ့ကြောင်း၊ စေတီများအလယ်တွင် ၁၉၃၃ ခုနှစ် သက္ကရာဇ်ပါ ခေါင်းလောင်းက ကက္ကူမွေတော်ဟုခေါ်ကြောင်းနှင့် စေတီတော်များသည် ဉာဏ်တော်အမြင့် ၁၅ ပေ ဝ န်းကျင်ရှိကြောင်း ဖော်ပြထားသည်။ ကက္ကူစေတီများကို မွေတော်ဟု အမည်ပေးထားခြင်းကြောင့် စေတီတော်များတည်ခဲ့စဉ်က ဌာပနာပစ္စည်းများအဖြစ် ဘုရားရှင်၏ သရီရဓာတ်တော်များကို ထည့်သွင်းခဲ့ဟန်မရှိချေ။ သို့သော် ရဟန်းသံဃာတော်အရှင်သူမြတ်များသုံးစွဲခဲ့သည့် ထီး၊ သပိတ်၊ သင်္ကန်း၊ ဖိနပ်အစရှိသည့် မွေတော်ပစ္စည်းများကို ဌာပနာပြုပြီး တည်ထားခဲ့ကြောင်း ယူဆနိုင်ဖွယ်ရှိပေသည်။ စေတီတော်များရှိသည့် နေရာသည် မွေတော်ရွာဟု အမည်ရှိသဖြင့် မွေတော်ကက္ကူစေတီများဟု အမည်ရခြင်းလည်း ဖြစ်နိုင်ဖွယ်ရှိပေသည်။

စေတီများတွင် တွေ့ရသော နတ်ရုပ်များသည် ခရစ်နှစ် ၁၈၀၀ ပြည့်နှစ်ဝန်းကျင်က ထုလုပ်ခဲ့သောလက်ရာများ ဖြစ်နိုင်ကြောင်း စာတမ်းတွင် သုံးသပ်ထားသည်။ ရှမ်းဘာသာဖြင့် ရေးထိုးထားသော ခေါင်းလောင်းစာများအရ ဘုန်းကြီးလူထွက် ဦးနှိုက်သွန်းလောင်းကြောင်း၊ ဒုတိယခေါင်းလောင်းစာတစ်ခုအရ ဘုန်းကြီးလူထွက် ဦးစိုင်းက သွန်းလုပ်ပူဇော်ကြောင်း၊ တတိယခေါင်းလောင်း စာတစ်ခုတွင် ၁၁၅၈ ခုနှစ် တပေါင်းလဆန်း ၂ ရက် (ခရစ်နှစ် ၁၇၉၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့)တွင် သွန်းလုပ်ကြောင်းနှင့် ဆင်ခံဘုရားတစ်ဆူမှာ တြိသုခအလို့ငှာ ခင်ကြီးအရိယဝံသကောင်းမှုဟု သိရှိရကြောင်း၊ ကက္ကူဘုရားများမှ ကုသိုလ်တော်များကို ခရစ်နှစ် ၁၈၀၀ ပြည့်နှစ်ဝန်းကျင်တွင် တည်ထားခဲ့သည်ဟု သိရှိခဲ့ရကြောင်း ရေးသားထားသည်။

မုခ်ဦးပေါက်မှ ပင်မစေတီတော်သို့ ဆက်သွယ်ထားသည့် အုတ်လမ်းတစ်ဖက်တစ်ချက်စီတွင် တစ်ဆူနှင့်တစ်ဆူအကြား နီးကပ်စွာ ညီညီညာညာတန်းလျက်တည်ထားသည့် မြေစိုက်အုတ်အင်္ဂတေ စေတီများကို ဖူးတွေ့ကြရသည်။ စေတီတော်များကို အလှူရှင်တစ်ဦးတည်းက တစ်နေရာတည်းတွင် တည်ခဲ့ခြင်း သို့မဟုတ် နှစ်ပေါင်း ၂၀၀ အတွင်း တဖြည်းဖြည်းတိုးပွားလာခြင်းမဟုတ်ဘဲ ခရစ်နှစ် ၁၈၀၀ ပြည့်နှစ်ဝန်းကျင်ကာလများမှာပင် တည်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။

ရှေးဟောင်းသုတေသနနည်းပညာ၊ ဆက်စပ်ခန့်မှန်းနည်း (Relative Dating) အရ ကက္ကူစေတီများ၏ သက်တမ်းကို နှစ် ၂၀၀ ဝန်းကျင် ခန့်မှန်းသော်လည်း ဒေသခံများက မွေတော် ကက္ကူစေတီများသည် ပုဂံခေတ် အလောင်းစည်သူမင်း (ခရစ်နှစ် ၁၁၇၄-၁၂၁၁)တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်များဟု ယုံကြည်ကြသည်။ ပအိုဝ်းမှတ်တမ်းများအရ နရပတိစည်သူမင်းတည်သည် သို့မဟုတ် ပြန်လည်ပြုပြင်မွမ်းမံသည်ဟုလည်း ဆိုကြသည်။ ပါးစပ်ရာဇဝင်များအရ မွေတော်ကက္ကူစေတီများသည် သီရိဓမ္မာသောကမင်းကြီး၏ ရှစ်သောင်းလေးထောင်သော အလှူများထဲမှ တစ်ခုဖြစ်သည်။

သက်တမ်းထောင်ကျော် ကြာမြင်ခဲ့ပြီဖြစ်သည့် ပျူခေတ်ဥပင် ကုသိုလ်ရှင်အမည်များကို ရေးသားလေ့ရှိခဲ့သော်လည်း နှစ် ၂၀၀ ဝန်းကျင်သာ သက်တမ်းကြာမြင့်သေးသည့် ကက္ကူစေတီတော်များတွင် မည်သူက မည်သည့်အချိန်တွင် မည်သည့်အတွက် တည်ခဲ့ကြောင်း ရေးထိုးထားသည့် မှတ်တမ်းစာများ မတွေ့ရှိခြင်းသည် ထူးခြားမှုတစ်ရပ်ဖြစ်ပေသည်။ ယမန်နှစ်က တိုက်ခတ်ခဲ့သည့် လေပြင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီတော်အချို့ကို ပြုပြင်လျက်ရှိပြီး ထီးတော်ကျိုးနေသည့် စေတီနှစ်ဆူတွင် ထီးတော်မဏ္ဍိုင်အဖြစ် မူလထည့်သွင်းခဲ့ဟန်ရှိသည့် သစ်သားချောင်းများကို ဦးကျော်တင့်က ဓာတ်ပုံများရိုက်ကူးခဲ့သည်။ အတွင်းသားအနှစ် မာကျောသည့် ပိတောက်ကဲ့သို့သော သစ်သားများကို ထီးတော်မဏ္ဍိုင်များအဖြစ် အသုံးပြုနိုင်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာဦးစိန်ဝင်းက ပြောခဲ့ဖူးသည်ကို အမှတ်ရမိပါသည်။ ကက္ကူသည် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဈေးနေ့ရှိသည့် နေရာတစ်ခုဖြစ်ဟန်ရှိပြီး တစ်ပတ်တစ်ကြိမ်၊ ၁၀ ရက်တစ်ကြိမ်စသည်ဖြင့် ဒေသခံများကုန်ပစ္စည်းအရောင်းအဝယ်ပြုကြသည့် နေရာဖြစ်သည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက မွေတော်ကက္ကူစေတီများသည် ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉) ခေတ်လက်ရာများနှင့် အလွန်နီးစပ်နေသဖြင့် စေတီများကို ခရစ်နှစ် ၁၇၅၀ ပြည့်နှစ်မှ ၁၈၅၀ ပြည့်နှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ပြီး ရက်စွဲခန့်မှန်းရာတွင် အနည်းငယ်လျော့၍ ရေတွက်ခြင်းက ပိုမိုစိတ်ချရမည်ဟု ယူဆလျှင် ခရစ်နှစ် ၁၉ ရာစု နှောင်းပိုင်းဖြစ်နိုင်မည်ဟု ယူဆခဲ့သည်။

မွေတော်ကက္ကူစေတီများသည် ယခင်က မွေတော်ရွာအနီးတောအတွင်းတွင် ရှိနေခဲ့သည်။ အင်္ဂလိပ်ခေတ်က ဘုရားပွဲများကျင်းပခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်းတွင် မွေတော်ကျေးရွာဝန်းကျင်သည် အနက်ရောင်နယ်မြေဖြစ်ကာ ငြိမ်းချမ်းမှုမရှိသဖြင့် ဘုရားဖူးပြည်သူများ သွားရောက်နိုင်ခြင်းမရှိခဲ့ပါချေ။ ၁၉၉၆ ခုနှစ်တွင် ကျီးဖြူကန်တစ်ဝိုက်မှ ရောင်ခြည်များကွန့်မြူးခဲ့သည်ကို ၂၆ မိုင်ကျော် ကွာဝေးသော တောင်ကြီးမြို့မှ မြင်တွေ့ကြရာက ကက္ကူစေတီတော် အစုအဝေးကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။

ဒဏ္ဍာရီများအရ ပအိုဝ်းဇနီးမောင်နှံနှစ်ဦးသည် ယခုမွေတော်ကက္ကူစေတီတော်များရှိသည့်နေရာတွင် ဘုရားရှင်၏ ဓာတ်တော်များကို လာရောက်ရှာဖွေခဲ့ကြကြောင်း၊ သူတို့ကို တောဝက်ကြီးတစ်ကောင်က ကူညီခဲ့သဖြင့် ရွှေရောင်ဓာတ်တော်များကို တွေ့ရှိခဲ့ရကြောင်း၊ ဝက်ကြီးကို ကျေးဇူးဆပ်သည့်အနေဖြင့် ထိုနေရာတွင် စေတီလေးတစ်ဆူကို တည်ထားခဲ့ကြောင်း အစဉ်အဆက်ပြောဆိုခဲ့ကြသည်။ စေတီတော်ဝင်း၏မြောက်ဘက်မုခ်အဆုံးတွင် ရွှေချထားသည့် ဝက်ရုပ်ကြီးတစ်ခုကို မှန်များဖြင့်ကာရံထားသည်။

မွေတော်ကက္ကူသို့ ပထမဆုံးရောက်ရှိခဲ့စဉ်က ကျွန်တော့်ကို လိုက်ပို့ပေးခဲ့သည့် ပအိုဝ်းကျောင်းသူလေးက ဝက်ကိုကုတ်ဟုခေါ်ပြီး ကူညီခြင်းဖြစ်သည် ကူဖြစ်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဇနီးမောင်နှံတည်ခဲ့သည့် စေတီတော်ကို ကက္ကူဟု အမည်ပေးခဲ့ကြောင်း၊ ကက္ကူစေတီများ ပေါ်ထွန်းလာစေရန် ကျေးဇူးပြုခဲ့သည့် ဝက်ကြီးကို နှောင်းလူများ သတိတရရှိစေရန် ဝက်ရုပ်ကြီးကို ပြသထားခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်ကို သတိရမိပါသည်။

စေတီတော်တွင် ပြင်ဆင်မှုများ ပြုလုပ်နေသဖြင့် စေတီတော်တောင်ဘက်ခြမ်းကို ပိတ်ထားသည်။ စေတီတော်များ ပျက်စီးခဲ့စဉ်က ထွက်ရှိလာသည့် အုတ်ကျိုးများကို စနစ်တကျ စုပုံထားသည်ကို မြင်တွေ့ကြရသည်။ စေတီတော်ပရိဝုဏ်အတွင်း နှောင်းလူတို့ တည်ထားသည့် အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဆိုက်စေတီတော်ကို ဖူးတွေ့ကြရသည်။

မွေတော်ကက္ကူသည် နေ့စဉ်ဘုရားဖူးလာရောက်ကြသူများ၊ လေ့လာရေးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားပွဲကို တပေါင်းလပြည့်နေ့တွင် ကျင်းပလေ့ရှိကာ ဈေးရောင်းဈေးဝယ်မှုများ၊ ဘုရားဖူးများနှင့် ဒေသခံပအိုဝ်းလူမျိုးများဖြင့် အလွန်စည်ကားလေ့ရှိပေသည်။

**ကိုးကား-ကက္ကူဆောင်းပါး(ဒေါက်တာသန်းထွန်း)**
**ကိုယ်တွေ့ခရီးသွားမှတ်တမ်း**

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကမ္ဘာ့ကင်းထောက် စာရင်းဝင်နိုင်ငံအဖြစ် ရပ်တည်လာနိုင်

**မန္တလေး နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့သည် ကမ္ဘာ့နိုင်ငံများ၏ ၁၆၄နိုင်ငံမြောက်ကမ္ဘာ့ကင်းထောက်စာရင်းဝင်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကင်းထောက်အဖွဲ့နာယက ဒေါက်တာသန်းထွန်းက ပြောသည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကင်းထောက်မောင်မယ်တွေ့ဆုံပွဲနှင့် အလံတင်အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက်က မန္တလေးမြို့ အောင်မြေသာဇံမြို့နယ် အမှတ် (၁၇) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ အဆိုပါအခမ်းအနားတွင် ကင်းထောက်နာယကက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



ကင်းထောက်အဖွဲ့၏ ခံယူချက်သည် စစ်ရေးမပါဘဲ နိုင်ငံရေးကင်းရှင်းပြီး မွန်မြတ်စွာ အများအကျိုးဆောင်ရွက်သော လူမှုရေးအသင်းဖြစ်သည့်အပြင် နိုင်ငံ့ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးရာအဖွဲ့ကြီးတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ကင်းထောက်အဖွဲ့မှ သီဟကင်းထောက်ကြီးရဲမြင့်က ပြောသည်။

ထို့အပြင် ကင်းထောက်မောင်မယ်များ ယုံကြည်မှုခိုင်မာလာစေရန်၊ အများအကျိုးကို ထမ်းဆောင်လိုစိတ် တိုးပွားလာစေရန်နှင့် ကင်းထောက် အချင်းချင်း ရင်းနှီးခင်မင်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်စေလိုသော ရည်ရွယ်ချက်ဖြင့် ကင်းထောက်နှစ်တစ်ရာပြည့် အခမ်းအနားများကို ကျင်းပပေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောသည်။

"ယနေ့အခမ်းအနားကို ကင်းထောက် မောင်မယ် ၂၅၀နဲ့ ကြီးကြပ်သူ ၅၀ တက်ရောက်ကြပါတယ်။ ကျင်းပမယ့်အစီအစဉ်တွေအနေနဲ့ဒီနေ့ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းမှာ အလံတင် အခမ်းအနားနဲ့ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး မန္တလေးတောင်ပေါ်တက်ရောက် လေ့လာမယ့် ခရီးစဉ်ဖြစ်ပါတယ်။ နေ့လယ်ပိုင်းမှာတော့ ကင်းထောက်စွမ်းရည်ပြိုင်ပွဲတွေ ပြုလုပ်ပြီး ဘုရားဖူးမယ့်အစီအစဉ်နဲ့ မန္တလေးဆေးရုံကြီးမှာ သန့်ရှင်းရေးလုပ်ငန်းတွေ သွားရောက်လုပ်ဆောင်ကြမှာပါ။ ညနေပိုင်းမှာတော့ ဆုပေးပွဲ၊ မီးပုံပွဲနဲ့ စခန်းသိမ်းပွဲကျင်းပသွားမှာ ဖြစ်ပါတယ်။"ဟု ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ၁၉၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှစ၍ ရပ်နားထားခဲ့ရသော်လည်း ၂၀၁၂ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကင်းထောက်အဖွဲ့များအား ပြန်လည်ဖွဲ့စည်းတည်ထောင်ကာ ၂၀၁၆ ခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်ပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၅၈) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၂၈**

မြန်ရွှေပြည် (MSP) ကုမ္ပဏီနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၅၈) ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလား စက်ဘီးပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစက်ဘီးပြိုင်ပွဲတွင် တာဝေးစက်ဘီးပြိုင်ပွဲ၊ တစ်ဦးချင်း စံချိန်ပြိုင်ပွဲ၊ BMX DOWN HILL ပြိုင်ပွဲ၊ Cross Country ပြိုင်ပွဲ ပြိုင်ပွဲလေးမျိုး ပါဝင်သည်။

ဒီဇင်ဘာ ၂ ရက် နံနက် ၆ နာရီတွင် တာဝေးစက်ဘီးပြိုင်ပွဲအဖြစ် ပုဂံမှစတင် တာလွှတ်ကာ ပုပ္ပား၊ ကျောက်ပန်းတောင်းမြို့များကို ဖြတ်ကျော်ကာ မိတ္ထီလာ၌ ပန်းဝင်မည်ဖြစ်သည်။

ဒီဇင်ဘာ ၃ ရက်တွင် တာဝေးစက်ဘီးပြိုင်ပွဲကို မိတ္ထီလာမှ ဆက်လက်၍ စတင်တာလွှတ်ကာ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းမြို့များကို ဖြတ်ကျော်ကာ ပျဉ်းမနားမြို့၌ ပန်းဝင်မည် ဖြစ်သည်။

ဒီဇင်ဘာ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိစက်ဘီး လေ့ကျင့်ရေးကွင်း၌ တစ်ဦးချင်း စံချိန်ပြိုင်ပွဲ၊ ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် နေပြည်တော် Mount Pleasant ၌ BMX DOWN HILL ပြိုင်ပွဲ၊ ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော် Mount Pleasant ၌ Cross Country ပြိုင်ပွဲတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ရောဝတီတံတား(မကွေး)ပေါ်တွင် စည်းကမ်းမဲ့အရက်သောက်စားခြင်းကို အရေးယူမည်



**မကွေး နိုဝင်ဘာ ၂၈**

ရောဝတီတံတား(မကွေး)ပေါ်၌ ယာဉ်များစည်းစနစ်တကျသွားနိုင်ရန်နှင့် လူငယ်များအနေဖြင့်လည်း စနစ်တကျနှင့် နေထိုင်ပြုမူနိုင်ရန်၊ အလေ့အကျင့်ကောင်းရသွားရန်အတွက် ရည်ရွယ်၍ စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်း၊ စည်းကမ်းမဲ့ အရက်သောက်စားခြင်းများအား ပညာပေးကာလအဖြစ် စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တံတားပေါ်မှာ ပလက်ဖောင်းပေါ် အရက်ဝိုင်းဖွဲ့သောက်ကြ၊ ဆိုင်ကယ်တွေရပ်ကြ၊ ကားရပ်ပြီး အရက်သောက်ကြ၊ အော်ဟစ်နေကြတာတွေတွေ့နေရတယ်၊ စာပေးစာယူကျောင်းသားတွေ၊ ရပ်ကွက်တွေကလူငယ်တွေနဲ့ ခရီးသွားပြည်သူများလည်းပါဝင်နေတာတွေ့ရတယ်၊လက်ရှိ ပညာပေး ကာလအဖြစ် နိုဝင်ဘာ ၂၅ ရက်မှစတင်ပြီးည ၈ နာရီမှ ည ၁၀ နာရီအထိ ရောဝတီတံတား (မကွေး)ပေါ်မှာ မကွေးတိုင်း၊ ခရိုင်၊ မင်းဘူးမြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များက တံတားပေါ်တွင် အရက်သေစာသောက်စားခြင်း၊ စည်းကမ်းမဲ့ကား၊ ဆိုင်ကယ်ရပ်နားခြင်းများအား လိုက်လံစစ်ဆေးနေပြီး အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်နေပါတယ်။ ပညာပေးကာလမှာ နိုဝင်ဘာ ၂၇ ရက်အထိ (၃)ရက်တိုင် ပြုလုပ်မှာဖြစ်ပြီး နိုဝင်ဘာ ၂၈ ရက်မှစပြီး စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်း၊ အရက်သေစာသောက်စားခြင်းများအား အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက ပြောသည်။

**ကျော်ဇေယျ**

# MOGE အဖွဲ့မှ ရေနံစိုက်စမ်းလုပ်ငန်း တိုင်းတာရာတွင် ပျက်စီးသီးနှံလျော်ကြေး ပေးအပ်ရန် ဆွေးနွေး

**သရက် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပေါက်တောအုပ်စု သဖန်းခုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၂၄ ရက်က ပေါက်တောအုပ်စုရှိ ဒေသခံပြည်သူများ၏ လယ်ယာမြေများတွင်စိုက်ပျိုးထားရှိသည့်သီးနှံများအား MOGE အဖွဲ့မှ ရေနံစိုက်စမ်းလုပ်ငန်းများ တိုင်းတာရာတွင် ထိခိုက်ပျက်စီးသွားမှုအပေါ် သီးနှံလျော်ကြေးပေးအပ်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကံမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဇော်မိုးအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်နိုင်ဦး၊ မြို့နယ်လယ်စာရင်းမှတာဝန်ရှိသူ၊ နယ်မြေစခန်းမှူးနှင့် MOGE မှတာဝန်ရှိသူများက သီးနှံလျော်ကြေးပေးအပ်နိုင်ရေး ကာလပေါက်ဈေးနှုန်းသတ်မှတ်ချက်များ၊ တိုင်းတာပုံစနစ်များကို ချပြဆွေးနွေးခြင်းနှင့် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## မှုခင်းသတင်းတိုထွာ

# လယ်ထွန်စက်ပေါ်မှပြုတ်ကျ၍ လူတစ်ဦးသေဆုံး

**ကျောက်တံခါး**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ဟာရီးကျေးရွာအုပ်စု ဟာရီးကျေးရွာနေဦးကပ်ကူမား၏လယ်ကွက်ထဲ၌ လယ်ထွန်နေသောလယ်ထွန်စက်ပေါ်မှ စီးနင်းလိုက်ပါလာသူတစ်ဦး နိုဝင်ဘာ ၂၅ ရက်က ထွန်စက်ပေါ်မှ ရုတ်တရက်ပြုတ်ကျကာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဦးကပ်ကူမား လယ်ကွက်ထဲ၌လယ်ထွန်နေသော ထွန်စက်အား ရာမစ်ကူမားမောင်းနှင်ပြီး ဘီဒူး (၃၂ နှစ်) လယ်ထွန် စက်ဘီးအပေါ်၌ထိုင်၍လိုက်ပါစီးနင်း ထွန်ယက်နေစဉ်ဘီဒူးမှာ ရုတ်တရက်ပြုတ်ကျပြီး လယ်ထွန်စက်ထွန်သွားဖြင့် ကြိတ်မိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ကျောက်တံခါးမြို့မရဲစခန်းမှ စစ်ဆေးဆောင်ရွက်နေကြောင်း၊ ယာဉ်အား ပေါ့ဆစွာမောင်းနှင်သူရာမစ်ကူမားအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# လျှပ်စစ်ဓာတ်လိုက်ဒဏ်ရာများဖြင့် အမျိုးသားတစ်ဦးသေဆုံး

**မုံရွာ**

မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် ကမ်းနားလမ်းတွင် နိုဝင်ဘာ ၂၆ ရက်က ထရန်စဖော်မာခြံစည်းရိုးအတွင်း လျှပ်စစ်ဓာတ်လိုက်ဒဏ်ရာများဖြင့် အမျိုးသားတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိရသောကြောင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ မှုခင်းဆေးစာဖြင့် တင်ပို့ထားကြောင်း မုံရွာမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့အိုးဘိုတောင်ရပ်ကမ်းနားလမ်း သားဖွားမီးယပ်ဆေးရုံအနောက်ဘက်တွင် နိုဝင်ဘာ ၂၆ ရက် နံနက်၁၁နာရီခန့်က အမည်မသိအမျိုးသားအလောင်းတွေ့ရှိကြောင်း သတင်းအရ မုံရွာမြို့မြို့မရဲစခန်းမှတာဝန်မှူး ဒုရဲအုပ်ကြည်ဆွေလင်းနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အသက် ၃၅ နှစ်ခန့်ရှိအမည်မသိ အမျိုးသားအလောင်းအား ထရန်စဖော်မာခြံစည်းရိုးအတွင်း လျှပ်စစ်ဓာတ်လိုက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အင်္ဂလိကန်ဘုရားကျောင်းဝင်း၌ မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်နယ်မြေ(၅)ရှိ အင်္ဂလိကန်ဘုရားကျောင်းဝင်းအတွင်း၌ ပေ(၁၀၀ × ၂၀) သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ် အစည်းအဝေးခန်းမဆောင်ရှိ မျက်နှာကြက်တွင် တပ်ဆင်ထားသော ဟောင်းနွမ်း ဆွေးမြည့်နေသည့် ဝိုင်ယာကြိုးမှ ရှော့ခ်ဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက်တွင် မီးကူးစက်လောင်ကျွမ်းခဲ့ရာ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် တစ်စီးတို့နှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ပိုင် ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ပူးပေါင်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**ကျိုင်းတုံ**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် နိုဝင်ဘာ ၂၅ ရက် နေ့လယ်ပိုင်းက ပင်စိမ်းသီးအိတ်အတွင်း သို ဝှက်ယူဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာကျိုင်းတုံမြို့မူးယစ်တပ်ဖွဲ့စု(၂၈)မှရဲအုပ်မြင့်အောင်နှင့် ဦးစီးတပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့အမှတ်(၁)ရပ်ကွက် နောင်လျဲန်ရပ် ရွှေမိုင်းယောင်းကားဂိတ်အနီး ရွှေနှင်းဆီလမ်း၌ စောင့်ဆိုင်းနေစဉ်မော်တော်ဆိုင်ကယ်မောင်းနှင်လာသော အားခေ့(ခ)အားဆိုင်ကိုရပ်တန့်၍ စစ်ဆေးရာ ကတ်ထူဖာအတွင်းထည့်ထားသော ပင်စိမ်းသီးများအောက်၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၆၀၀ ကို ဖမ်းဆည်းရမိသည်။ စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်သူ အားခေ့(ခ)အားဆိုင်(၂၈ နှစ်)အား ကျိုင်းတုံ မြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ကျေးရွာငါးရွာကို ဆက်သွယ်ပေးသည့် လမ်း၊ တံတားတည်ဆောက်

**ကျောက်ဖြူ နိုဝင်ဘာ ၂၈**

၂၀၁၆-၂၀၁၇ ခုနှစ်ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျောက်ဖြူမြို့နယ် စနဲ-ဟင်းခရော်ပြင်-ကိုင်းချောင်း ကျေးရွာချင်းဆက် မြေသားလမ်း (၂/၄) မိုင်နှင့် ယင်းလမ်းပေါ်ရှိ ပေ ၄၀ တံတားတစ်စင်း၊ ငါးပေတံတား ၁၀ စင်းတို့အား မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် အင်ဂျင်နီယာများ နိုဝင်ဘာ ၂၅ ရက်က လုပ်ငန်းဆောင်ရွက်နေမှုများအား အရည်အသွေးပြည့်မီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းနှင့်တံတားများတည်ဆောက်ခဲ့မှုကြောင့် ကျေးရွာငါးရွာကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်အတွင်း တန်ဖိုးငွေကျပ် ၁၃၇ ဒသမ ၈၈ သန်းဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ပုလဲသွယ်စပါးမျိုးကို တောင်သူများကြိုက်နှစ်သက်၍ စိုက်ပျိုးမှုများလာ

**ကလေး နိုဝင်ဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ယခုနှစ် မိုးစပါးစိုက်ရာသီတွင် ပုလဲသွယ်စပါးမျိုးများကို ကြိုက်နှစ်သက်လာကြသဖြင့် စိုက်ပျိုးမှုများလာခဲ့ကာ ယခုနှစ် မိုးစပါးစိုက်ရာသီအတွင်းက ဧက ၉၄၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ပုလဲသွယ်စပါးကို ယခင်က အနည်းငယ်သာ စိုက်ပျိုးခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ်က ရေကြီးရေလျှံမှုကြောင့် မိုးစပါးများ ပျက်စီးခဲ့သည့် နေရာများတွင် ပြန်လည်အစားထိုးစိုက်ပျိုးရန်အတွက် ပုလဲသွယ်(GW1)စပါးမျိုးများကို တာဝန်ရှိသူများက အခမဲ့ ထောက်ပံ့ပေးခဲ့ရာမှ ပုလဲသွယ်စပါးမျိုးကို ပြီးခဲ့သည့်နှစ်တွင် အများအပြား စစိုက် ခဲ့ကြပြီး တောင်သူများက ကြိုက်နှစ်သက်လာကြသဖြင့် ယခုနှစ် မိုးစပါးစိုက်ရာသီတွင် ကလေးမြို့နယ်၌ ပုလဲသွယ်စပါးမျိုးကို ၉၄၅၁ ဧကအထိ စိုက်ပျိုးခဲ့ကြကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်က ပြောကြားသည်။



တောင်သူများအနေဖြင့် ပုလဲသွယ်စပါးမျိုးကို ကြိုက်နှစ်သက်ပြီး စိုက်ပျိုးမှုများလာသဖြင့် လာမည့်နှစ်များတွင်လည်း ပုလဲသွယ်စပါးမျိုးကိုသာ ယခုနှစ်ထက်ပိုမို၍ ဆက်လက်စိုက်ပျိုးလာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ယခုအခါ ကလေးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစစ်တမ်းကောက်ယူရေးနှင့် အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းမှုများကို ပြုလုပ်လျက်ရှိရာ နတ်မြောင်းကျေးရွာရှိ ပုလဲသွယ်မိုးစပါးစိုက်ခင်းတွင် နိုဝင်ဘာ ၂၆ ရက်က စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးအစို ၁၂၁ ဒသမ ၂၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ နိုဝင်ဘာ ၁၉ ရက်ကလည်း ကျောင်းတိုက်ကျေးရွာနှင့် ဆည်တော်ဦးကျေးရွာအကြားရှိ မိုးစပါးပုလဲသွယ်(GW1)တိုက်ရိုက်မျိုးစေ့ချစိုက်ခင်းတွင် ခြွေလှေ့စက်ဖြင့် စံကွက် ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးအစို ၁၁၁ ဒသမ ၆ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



## သံဃာ့မဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ ကျိုက္ခမီရေလယ်ဘုရားကို ဖူးမြော်ကြည်ညို

**သံဖြူဇရပ် နိုဝင်ဘာ ၂၈**
မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်သို့ သာသနာပြုခရီး ကြွရောက်လျက်ရှိသည့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များသည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့သို့ နိုဝင်ဘာ ၂၆ ရက်က ကြွရောက်ခဲ့ကြပြီး ကျိုက္ခမီရေလယ်ဘုရားကို ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒ အမှူးပြုသော အဖွဲ့ဝင် ဆရာတော်ကြီး ၂၉ ပါးနှင့် ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဣဒ္ဓိဗလ အမှူးပြုသော သံဃာတော် ၁၀ ပါး စုစုပေါင်း ၃၉ ပါးက လာရောက်ဖူးမြော်ခဲ့ကြခြင်းဖြစ်သည်။

ဆရာတော်ကြီးများ ကျိုက္ခမီရေလယ်ဘုရားသို့ ရောက်ရှိဖူးမြော်ရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်သာသနာရေးဦးစီးဌာနမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာရေးဦးစီးဌာနမှူး၊ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား ကြိုဆိုပူဇော်ခဲ့ကြသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ကျေးရွာပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၈**
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး၍ ပြည်သူလူထုအခြေပြု ရွေ့လျား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာများနှင့် လူကုန်ကူးမှုအကြောင်း အသိပညာပေးဟောပြောပွဲကို နေပြည်တော် ဥတ္တရ ခရိုင် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ၌ နိုဝင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဗဟိုမှ အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အမှာစကားပြောကြားပြီး ဒေါက်တာသက်နိုင်ဦးက ဇီကာဗိုင်းရပ်စ်အကြောင်းနှင့် မကူးစက်တတ်သောနာတာရှည်ရောဂါများဖြစ်သည့် နှလုံးရောဂါ၊ သွေးတိုးနှင့်ဆီးချိုအကြောင်းများကိုလည်းကောင်း၊ ဒေါက်တာစန်းစန်းလှိုင်နှင့်အဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များအတွက် အန္တရာယ်ကင်းသော မိခင်ဘဝအကြောင်းကိုလည်းကောင်း၊ ဒေါက်တာအိအိမောင်က ပျိုရွယ်သူများအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအကြောင်းကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် IPPS အဖွဲ့တို့မှ တာဝန်ရှိသူများက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ IPPS အဖွဲ့ ကျန်းမာရေးဝန်ထမ်းများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ NGO များစုပေါင်း၍ ကျေးရွာနေပြည်သူများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြရာ မျက်စိဝေဒနာရှင် ၆၇ ဦး၊ သွားဝေဒနာရှင် ကိုးဦး၊ သားဖွားမီးယပ်ဝေဒနာရှင် ၂၃ ဦးနှင့် အထွေထွေရောဂါ ဝေဒနာရှင် ၁၂၉ ဦး စုစုပေါင်း ၂၂၈ ဦးတို့အား ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)နှင့် တာဝန်ရှိသူများက ကျေးရွာ စာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများ၊ ကိုယ်ဝန်ဆောင်များအတွက် အနီးပိတ်နှင့် ကလေး အင်္ကျီများ၊ အိုင်အိုဒင်းဆား၊ သွားတိုက်တံနှင့် ဆပ်ပြာများ ထောက်ပံ့ပေးအပ်ကာ ကျေးရွာမှ သက်ကြီးဘိုးဘွား ၁၆၀ အတွက်လည်း အာဟာရများ ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုလင်း(ပြန်/ဆက်)**



## သတင်းတိုများ

### အလယ်တန်းအဆင့် မီနီမာရသွန်ပြိုင်ပွဲ သီပေါ၌ကျင်းပ

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ဒုတိယအကြိမ် မီနီမာရသွန် အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် သီပေါမြို့ရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို သီပေါဂေါက်ကလပ်မှ စတင်တာလွှတ်ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် ပန်းဝင်ယှဉ်ပြိုင်ကြရကာ ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၄၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်သန်းရွှေမာနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**စိုင်း (သီပေါ)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သစ်ကိုင်းများရှင်းလင်း

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ကျိုင်းတောင်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရှိရေး၊ ဓာတ်အားပြတ်တောက်မှု မရှိရေးအတွက် ကျိုင်းတောင်းမြို့နှင့် ရေအားလျှပ်စစ်စီမံကိန်း(အောက်ကျိုင်းတောင်း) အကြား သွယ်တန်းထားသော မီးကြိုးများနှင့် ထိစပ်နေသည့် သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များကို ကျိုင်းတောင်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ နိုဝင်ဘာ ၂၆ ရက်မှစ၍ ခုတ်ထွင်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှုကို ကျိုင်းတောင်းမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းမင်းထွေးနှင့် မြို့လျှပ်စစ်မှူး ဦးတင်သန်းတို့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**ကျိုင်းတုံ နိုဝင်ဘာ ၂၈**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်တွင် လစ်လပ်လျက်ရှိသည့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)ကိုယ်စားလှယ် တစ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျိုင်းတုံခရိုင်အတွင်းရှိ နိုင်ငံရေးပါတီဝင်များနှင့် ကျိုင်းတုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ နိုဝင်ဘာ ၂၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



ကျိုင်းတုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းရီက ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင်ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးက လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် လိုအပ်သည့် အထောက်အထားများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးပို့ကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၊ အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမောင်(ကျိုင်းတုံ)**



ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ စာပေဗိမာန်စာကြည့်တိုက်သို့ ရန်ကုန် ဂျပန်ကျောင်းမှ ဆရာ Mr. Hiroaki Nishino နှင့် ဆရာမ ဒေါ်ခင်စိုးမိုးညွန့်တို့ ဦးဆောင်သော ဂျပန်လူမျိုး ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့ နိုဝင်ဘာ ၂၃ ရက်က လာရောက်လေ့လာကြရာ စာကြည့်တိုက်မှူး ဒေါ်ဥမ္မာထွေးနှင့် ဝန်ထမ်းများက စာကြည့်တိုက်အတွင်း လိုက်လံပြသစဉ်
လှလှ

# လိဂ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်မှာ မန်ယူတို့ အခြေအနေကောင်းပါ့မလား

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ နိုဝင်ဘာ ၃၀ နဲ့ ဒီဇင်ဘာ ၁ ရက်တွေမှာတော့ အင်္ဂလန်လိဂ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေကို စတင်ကစားတော့မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အာဆင်နယ်၊ လီဗာပူးနဲ့ မန်ယူတို့အနေနဲ့ ပြိုင်ဘက်တွေကို ဘယ်လိုရင်ဆိုင်ကြမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေသလို ဘယ်အသင်းတွေ ကွာတားအဆင့်ကို ကျော်ဖြတ်သွားနိုင်မလဲ ဆိုတာ အကဲခတ်သုံးသပ်ခွင့်ရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ကြားရက်မှာလည်း ပရိသတ်တွေအတွက် ပွဲကောင်းတွေက စည်ဝေနေဦးမှာ သေချာနေပါတယ်။



### မန်ယူနှင့် ဝက်စ်ဟမ်း

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဝက်စ်ဟမ်းတို့က သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ မန်ယူနဲ့ ဝက်စ်ဟမ်းတို့ စုစုပေါင်း တွေ့ဆုံခဲ့ရာမှာတော့ ဝက်စ်ဟမ်းက ၄၃ ပွဲနိုင်ပြီး မန်ယူက ၆၂ ပွဲနိုင်ကာ သရေပွဲ ၂၉ ပွဲဖြစ်ထားပါတယ်။ မန်ယူရဲ့ လက်ရှိစွမ်းဆောင်မှုကိုကြည့်ရင် အာဆင်နယ်ကို သရေပွဲဖြစ်ပြီး ဖီယင်နုကို လေးဂိုးပြတ်နိုင်ပွဲရထားခဲ့တာမို့ အခုပွဲ အိမ်ကွင်းမှာ ဝက်စ်ဟမ်းကို အသာစီးရအောင်ကြိုးစားပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့က သရေပွဲ၊ ရှုံးပွဲတွေဆက်နေပြီး ပေးဂိုးလည်း များနေတာမို့ မန်ယူတိုက်စစ်မှူးတွေ ဂိုးဘယ်လောက် သွင်းယူနိုင်မလဲကြည့်ရမှာပါ။ ဒီပွဲမှာ အိမ်ကွင်းဖြစ်တာမို့ ဂိုးမပြတ်ပေမယ့် အိမ်ရှင်တို့ကပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

### အာဆင်နယ်နှင့် ဆောက်သမ်တန်

၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ ပထမဆုံးအကြိမ် လိဂ်ဖလားကွာတားဖိုင်နယ်ကို တက်ရောက်လာတဲ့ အာဆင်နယ်ဟာ မျှော်မှန်းချက်ကြီးမားနေတာမို့ ဒီပွဲကို အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ အာဆင်နယ်ရဲ့ လက်ရှိကစားအားကိုကြည့်ရင် သရေပွဲတွေ ဆက်တိုက်ဖြစ်နေတဲ့အပြင် တိုက်စစ်စွမ်းရည်လည်း မြှင့်တင်ဖို့လိုအပ်နေပါတယ်။ ဆောက်သမ်တန်တို့ကတော့ လီဗာပူးကို အိမ်ကွင်းမှာ ဂိုးမရှိသရေပွဲ ကစားနိုင်ခဲ့တာမို့ အာဆင်နယ်တို့ သတိထားရပါလိမ့်မယ်။ ဆောက်သမ်တန်တို့ဟာ ဒီပွဲမှာ အနိမ့်ဆုံး သရေရအောင် ကြိုးစားမှာမို့ တိုက်စစ်ဖွင့်ပြီး ကစားမှာ သေချာပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ပွဲရလဒ်ကိုကြည့်ရင် အာဆင်နယ်ကွင်းမှာ ဆောက်သမ်တန်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ အခုပွဲမှာလည်း အဲဒီရလဒ်မျိုးလည်း ထွက်ပေါ်လာနိုင်ပါတယ်။

### လီဗာပူးနှင့် လိဒ်

အင်္ဂလန်လိဂ်ဖလားပြိုင်ပွဲမှာ အကောင်းဆုံးမှတ်တမ်း ရေးထိုးထားနိုင်တဲ့ လီဗာပူးဟာ လိဂ်ဖလား ရှစ်ကြိမ်ရရှိထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့ လီဗာပူးရဲ့ အစဉ်အလာက လိဒ်ကို စိုးရိမ်ပူပန်မှုဖြစ်စေမှာတော့အမှန်ပါပဲ။ လိဒ်ရဲ့ လိဂ်ဖလားသမိုင်းမှတ်တမ်းကလည်း လွန်ခဲ့တဲ့ ၄၈ နှစ်က ချန်ပီယံဖြစ်ခဲ့ဖူးတာမို့ အခုပွဲစဉ် မှတ်တမ်းသစ် ထပ်မံရေးထိုးနိုင်ရေးကြိုးစားလာပါလိမ့်မယ်။ ချန်ပီယံရှစ်မှာ ကစားနေတဲ့ လိဒ်အသင်းဟာ လောလောဆယ်မှာတော့ တန်းစီဇယားသတ္တမနေရာမှာ ရှိနေပြီး တိုက်စစ်စွမ်းရည် ထက်မြက်မှုမရှိပါဘူး။ ဒါ့အပြင် ပွဲတိုင်းနီးပါး ပေးဂိုးတွေ ခွင့်ပြုနေရတဲ့ လိဒ်ရဲ့ ခံစစ်ကြောင်းကလည်း မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ လိဒ်ကွင်းမှာ လီဗာပူးနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ လီဗာပူးတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပါတယ်။ ဒီနှစ် လီဗာပူးရဲ့ ခြေစွမ်းက အကောင်းဆုံး ပြသနေပြီး ပွဲတိုင်းရမှတ်မဆုံးရှုံးအောင် စွမ်းဆောင်နိုင်နေပါတယ်။ ပရီမီယာလိဂ်မှာ ဒီနှစ် ၁၂ ပွဲကစားပြီးချိန်အထိ ရှုံးပွဲတစ်ပွဲသာရှိသေးတဲ့ လီဗာပူးရဲ့ အားထုတ်မှုကို လိဒ်တို့ ဟန့်တားထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒီပွဲဟာ လီဗာပူးရဲ့ နိုင်ပွဲဖြစ်ပါလိမ့်မယ်။

### ဟားလ်စီးတီးနှင့် နယူးကာဆယ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ပွဲရလဒ်ကိုကြည့်ရင် နယူးကာဆယ်က အဝေးကွင်းမှာ သုံးဂိုးပြတ်နိုင်ပွဲရခဲ့ပါတယ်။ နယူးကာဆယ်ဟာ ဒီနှစ် ချန်ပီယံရှစ်မှာတော့ တန်းစီဇယားကို ဦးဆောင်နေပြီး တိုက်စစ်စွမ်းရည်ကလည်း ထက်မြက်လွန်းနေပါတယ်။ ဟားလ်စီးတီးတို့ကတော့ ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်ထဲ ကျဆင်းနေပြီး အဆိုးရွားဆုံး တိုက်စစ်၊ ခံစစ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာမို့ အမြန်ဆုံးပြင်ဆင်ဖို့ ကြိုးစားနေပါတယ်။ လက်ရှိခြေစွမ်းကိုကြည့်ရင် နယူးကာဆယ်တို့က ကာဒစ်နဲ့ လိဒ်အသင်းတွေကို နိုင်ပွဲဆက်တိုက်ရအောင် ကစားထားတာမို့ ဟားလ်စီးတီးတို့ မလွယ်ပါဘူး။ ဒါပေမယ့် ဆောက်သမ်တန်ကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ ခြေစွမ်းမျိုး ဟားလ်စီးတီးတို့ ပြန်ရရင်တော့နယူးကာဆယ်တို့လည်း ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။ ဒါပေမယ့် ဒီနှစ်ရဲ့စုစုပေါင်း ၂၄ ကြိမ် တွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် နယူးကာဆယ်က ၁၂ ပွဲနိုင်ပြီး ဟားလ်စီးတီးက ခြောက်ပွဲနိုင်ကာ သရေပွဲ ခြောက်ပွဲဖြစ်ထားပါတယ်။ ဒီပွဲမှာ ခြေစွမ်းကောင်းမွန်နေတဲ့ နယူးကာဆယ်တို့ နိုင်ပွဲရသွားပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**



## ဂျာမန်လူငယ်ကစားသမားဘရန့်အား လီဗာပူးခေါ်မည်

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ဂျာမန်လူငယ်ကစားသမား ဘရန့်အား လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိကြောင်း ဘရန့်၏ ကစားပွဲများကို စောင့်ကြည့်လေ့လာခဲ့ပြီးဖြစ်ကြောင်း လီဗာပူးကလပ် တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့အသင်းက နေရာစုံမှာ ကစားသမားအင်အားတောင့်တင်းနေဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် တောင်ပံနဲ့ တိုက်စစ်တွေမှာ ထက်မြက်တဲ့ လူငယ်ကစားသမားတွေ လိုအပ်ပါတယ်"ဟု လီဗာပူးနည်းပြကလော့ချ်က ပြောသည်။

ဘရန့်သည် အသက် ၂၀ အရွယ်ရှိပြီး လောလောဆယ်တွင် လေဗာကူဆင်အသင်း၌ ကစားနေသည့် ကွင်းလယ်နှင့်တောင်ပံကစားသမားဖြစ်သည်။ ဘရန့်သည် ကွင်းလယ်နှင့် တောင်ပံတို့တွင်သာမက အထောင်တိုက်စစ်တွင်လည်း ထူးချွန်စွာ ကစားနိုင်သော တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။ လီဗာပူးအသင်းတွင် လာမည့် ဇန်နဝါရီလ၌ အာဖရိကဖလားဘောလုံးပွဲကစားရန် မာနေးအား ပြန်လွှတ်ရန် ရှိနေပြီး ၎င်းနေရာတွင် အစားထိုးရန် ဘရန့်အား လာမည့် ဇန်နဝါရီလတွင် ခေါ်ယူနိုင်ရေး လီဗာပူးက ကြိုးစားနေခြင်းဖြစ်သည်။ဘရန့်၏ အားသာချက်မှာ ကွင်းလယ်၊ တောင်ပံ၊ အထောင်တိုက်စစ် အပြင် ခံစစ်ပိုင်းကိုလည်း လိုက်ပါအထောက်အကူပေးနိုင်သော ထူးခြားသည့်စွမ်းဆောင်မှုရှိသည့် ဂျာမန်လူငယ်ကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

## ဗြိတိန်၏သူရဲကောင်းဘွဲ့ရရှိရန် အင်ဒီမာရေး ရေပန်းစားနေ

ဗြိတိန်နိုင်ငံသား အင်ဒီမာရေးသည် ဗြိတိန်ဘုရင်မကြီးက ချီးမြှင့်အပ်နှင်းမည့် သူရဲကောင်းဘွဲ့ရရှိရန် ရေပန်းစားလျက်ရှိပြီး ဗြိတိန်မီဒီယာအချို့ကလည်း ဖော်ပြလျက်ရှိကြောင်း သိရသည်။

"လက်ရှိကမ္ဘာ့အဆင့် (၁) တင်းနစ်သမား အင်ဒီမာရေးက လူတွေက ရစေချင်တဲ့ စေတနာနဲ့ ပြောပြတာဖြစ်ပေမယ့် အသက်အရွယ်အရ မဖြစ်နိုင်သေးဘူးလို့ ယူဆပါတယ်။ ရရှိခဲ့ရင်တော့ အံ့အားသင့်စရာ အကောင်းဆုံးဖြစ်နေပါလိမ့်မယ်"ဟု ပြောကြားသည်။ အသက် ၂၉ နှစ်အရွယ်ရှိ အင်ဒီမာရေးသည် ပြီးခဲ့သည့် သီတင်းပတ်က ကမ္ဘာ့အဆင့် (၁) တင်းနစ်သမား ဂျိုကိုဗစ်ကို ATP World Toue နောက်ဆုံးဗိုလ်လုပွဲတွင် နှစ်ပွဲပြတ်နိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်တစ် တင်းနစ်သမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ အင်ဒီမာရေးသည် ယခုနှစ်အတွင်း ATP World Toue ပြိုင်ပွဲ ဝင်ဘယ်ဒန်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အိုလံပစ်ပြိုင်ပွဲများတွင်လည်း ဗိုလ်စွဲနိုင်ခဲ့ရာ ဗြိတိန်ဘုရင်မကြီးက ချီးမြှင့်မည့် သူရဲကောင်းဘွဲ့ရရှိရန် ရေပန်းစားနေခြင်းဖြစ်သည်။ အင်ဒီမာရေးအား သူရဲကောင်းဘွဲ့ ချီးမြှင့်ခဲ့ရရေးအတွက် ဗြိတိန်အစိုးရအဖွဲ့ဝင်များက ပထမဆုံး စာရင်းတင်သွင်းရမည်ဖြစ်ပြီး ဆုရွေးချယ်ရေးကော်မတီက အပြီးသတ်ရွေးချယ်ပေးကာ ဗြိတိန်ဘုရင်မကြီးက သူရဲကောင်းဘွဲ့ကို ချီးမြှင့်မည်ဖြစ်သည်။





## ကလစ်ချ်ကိုနှင့် ဂျိုရှာတို့လက်ဝှေ့ပွဲ ကမ္ဘာ့အကြီးကျယ်ဆုံးလက်ဝှေ့ပွဲတစ်ပွဲ ဖြစ်နိုင်

ယူကရိန်းလက်ဝှေ့သမား ဗလာဒီမာကလစ်ချ်ကိုက မိမိဆုံးရှုံးခဲ့ရသည့် အိုင်ဘီအက်ဖ်၊ ဒဗလျူဘီအေ ဟဲဗီးဝိတ် ရွှေခါးပတ်များကို ပြန်လည်သိမ်းပိုက်လိုသော ဆန္ဒများရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

"အသက် ၄၀ အရွယ်ရှိနေပြီ ဆိုပေမယ့် လက်ဝှေ့ထိုးသတ်လိုတဲ့ စိတ်က ပြင်းပြနေတုန်းပါပဲ။ အထူးသဖြင့် ကျွန်တော်ဆုံးရှုံးသွားခဲ့တဲ့ ဟဲဗီးဝိတ်ရွှေခါးပတ်တွေကို ပြန်လည်ရယူပြီးမှ အနားယူချင်တာပါ။ ဒါပေမယ့် အသက်အရွယ်အရ စဉ်းစားချိန်ဆရမယ့်ကိစ္စတွေလည်း ရှိနေပါတယ်"ဟု ကလစ်ချ်ကိုကပြောသည်။ ကလစ်ချ်ကိုသည် လက်ရှိဟဲဗီးဝိတ်ချန်ပီယံ အန်တိုနီဂျိုရှာနှင့် ထိုးသတ်ဖွယ်ရှိနေပြီး ညှိနှိုင်းမှုများပြုလုပ်လျက်ရှိသည်။ အန်တိုနီဂျိုရှာသည် အိုင်ဘီအက်ဖ်ချန်ပီယံ ရွှေခါးပတ်ကာကွယ်ပွဲအဖြစ်လာမည့် ဒီဇင်ဘာ ၁၀ ရက်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ မန်ချက်စတာ အရီနာ၌ ထိုးသတ်ရန် စီစဉ်ထားသည်။

လစ်လပ်လျက်ရှိသည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့အစည်း(WBA)၏ ဟဲဗီးဝိတ်ချန်ပီယံရွှေခါးပတ်အတွက် ကလစ်ချ်ကိုနှင့် ဂျိုရှာတို့ ထိုးသတ်သင့်ကြောင်း WBA က အကြံပြုထားရာ ၎င်းတို့နှစ်ဦးလက်ဝှေ့ပွဲမှာ ထွက်ပေါ်လာဖွယ်ရှိနေသည်။ "ဒီပွဲဖြစ်မြောက်ရင်တော့ ကမ္ဘာ့လက်ဝှေ့လောကမှာ ကြီးကျယ်တဲ့ လက်ဝှေ့ပွဲတစ်ပွဲဖြစ်လာမှာပါ"ဟု ဗြိတိန်လက်ဝှေ့သမားဟောင်း လင်းနော့စ်လူးဝစ်က ပြောကြားလိုက်သည်။ အန်တိုနီဂျိုရှာသည် ကြေးစားလက်ဝှေ့ပွဲ ၁၇ ပွဲ ထိုးသတ်ခဲ့ရာတွင် ပွဲအားလုံးအလဲထိုးပွဲများဖြင့် နိုင်ပွဲရရှိထားသူ ဖြစ်သည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# စစ်ကိုင်းပညာရေးတက္ကသိုလ်
# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
# ပညာရေးဘွဲ့ စာပေးစာယူ (၂)နှစ်သင်တန်း(ပထမနှစ်)အတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် ပညာရေးဘွဲ့စာပေးစာယူ (၂)နှစ်သင်တန်း(ပထမနှစ်)အတွက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားခွင့်ရှိသည်-

(၁) **ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားခွင့်ရှိသူများ**

(က) အခြေခံပညာဦးစီးဌာနများနှင့် ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ အောက်ရှိ အခြေခံပညာကျောင်းများတွင်အထက်တန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့်အထက်တန်းပြ (သို့မဟုတ်) အလယ်တန်းပြနှင့် လစာနှုန်းတူ အခြားပညာရေးဝန်ထမ်းများ၊ ပညာရေးကောလိပ်များတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ လျှောက်ထားခွင့်ရှိသည်။

(ခ) ပညာရေးကောလိပ်နည်းပြ၊ အထက်တန်းပြ(သင်ကြားရေး)နှင့် အလယ်တန်းပြ (သင်ကြားရေး)များသည် ၃၁-၁၂-၂၀၁၆ ရက်တွင် သင်ကြားရေးလုပ်သက် အနည်းဆုံး(၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) အခြားပညာရေးဝန်ထမ်း (အလယ်တန်းပြ (သို့မဟုတ်) မူလတန်းကျောင်းအုပ်များနှင့် လစာနှုန်းထားတူညီသူ)များသည် လက်ရှိရာထူးတွင် ၃၁-၁၂-၂၀၁၆ ရက်၌ စုစုပေါင်း လုပ်သက်အနည်းဆုံး (၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ဃ) ဘွဲ့တစ်ခုခုရရှိပြီး ပညာရေးဘွဲ့(B.Ed) မရရှိသေးသူ ဖြစ်ရမည်။

(င) အခြားသင်တန်းတစ်ခုခုသို့ တက်ရောက်နေသူမဖြစ်စေရ။

(၂) **လျှောက်လွှာတင်သွင်းခြင်း**

(က) အထက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများသည် ပူးတွဲပုံစံ(၁)ပါ အဆိုပြုလျှောက်လွှာပုံစံအတိုင်း ဖြည့်စွက်၍ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများသို့ ၂၃-၁၂-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်။

(ခ) လျှောက်လွှာစတင်နိုင်သောရက် - ၁-၁၂-၂၀၁၆ ရက်

(ဂ) သတ်မှတ်ချက်နှင့်ကိုက်ညီသော အခြားပညာရေးဝန်ထမ်းများသည် သက်ဆိုင်ရာကျောင်းမှ တစ်ဆင့် မြို့နယ်ပညာရေးမှူးရုံးသို့လည်းကောင်း၊ ဦးစီးဌာနများမှပညာရေးဝန်ထမ်းများသည် သက်ဆိုင်ရာဦးစီးဌာနများသို့လည်းကောင်း ၂၃-၁၂-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်။

(ဃ) ပညာရေးကောလိပ်များမှ လျှောက်ထားသူများသည်သက်ဆိုင်ရာပညာရေးကောလိပ် ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၏ခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ ၂၃-၁၂-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်။

(၃) **အထူးပြုဘာသာရပ်ရွေးချယ်လျှောက်ထားခြင်း**

(က) ပညာရေးဘွဲ့ (B.Ed) စာပေးစာယူသင်တန်းသည် (၂)နှစ်သင်တန်းသာဖြစ်သဖြင့် ဘာသာရပ်ကျွမ်းကျင်မှု၊ သင်ပြနည်းကျွမ်းကျင်မှုတို့အတွက် အထူးပြုဘာသာရပ်တစ်ခုတည်းကိုသာ ရွေးချယ်ဖြေဆို သင်ယူခွင့်ပြုမည်ဖြစ်သည်။

(ခ) လျှောက်ထားသူ၏ မူလဘွဲ့ရ ဘာသာရပ်ကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။ မူလဘွဲ့ရဘာသာရပ်နှင့်သင်ယူလိုသည့် အထူးပြုဘာသာရပ် ကိုက်ညီမှုမရှိပါက လျှောက်လွှာအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

(ဂ) စိတ်ပညာ၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ စသည့်ဘာသာရပ်များဖြင့် ဘွဲ့ရရှိထားသူသည် အင်္ဂလိပ်စာ/မြန်မာစာ/သင်္ချာ (သို့မဟုတ်) ဝိဇ္ဇာဘာသာရပ်တစ်ခုခုကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။

(ဃ) ဝင်ခွင့်စာမေးပွဲတွင် ဘာသာရပ်အလိုက် တက္ကသိုလ်ဝင်တန်းသင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်၏ တက္ကသိုလ်ပညာသင်ရိုးညွှန်းတမ်းမှ ဘွဲ့ကြိုသင်တန်း ပထမနှစ်၊ ဒုတိယနှစ်သင်ရိုးအထိလေ့လာရန်ဖြစ်ပြီး ဘာသာရပ်ကျွမ်းကျင်မှုကို ၃ နာရီ မေးခွန်းဖြင့် ရေးဖြေစစ်ဆေးမည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုရာတွင် မြန်မာစာဘာသာရပ်မှအပ ကျန်ဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမည်။

(၄) **လုပ်သက်ကြီးစဉ် တန်းစီဇယားဖြင့် တက်ရောက်ရန်လျှောက်ထားခွင့်ရှိသူများ**

(က) ပညာရေး(B.Ed)ဘွဲ့မရသေးသော သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် အထက်တန်းပြများ၊ အလယ်တန်းပြများ၊ မူလတန်းကျောင်းအုပ်များ ဖြစ်ရမည်။

(ခ) အလယ်တန်းပြနှင့်အထက် ရာထူးတွင် (၃၁-၁၂-၂၀၁၆) ရက်၌ လုပ်သက်အနည်းဆုံး (၁၀)နှစ်ရှိရမည်။

(ဂ) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူတစ်ဦးသည် လုပ်သက်ပြည့်မီပါက လုပ်သက်ကြီးစဉ်တန်းစီဇယားဖြင့် တက်ရောက်ခွင့်ရရှိရေးအတွက်လည်း လျှောက်ထားနိုင်သည်။

(၅) **ရွေးချယ်ရေးမူများ**

(က) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆရာလိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ပေါ် မူတည်၍ ဘာသာရပ်အလိုက် ဝင်ခွင့်စာမေးပွဲရမှတ် များ/နည်း တန်းစီဇယားဖြင့် စိစစ်ရွေးချယ်မည်။

(ခ) လုပ်သက်ကြီးစဉ်အရ တက်ရောက်ရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ် ဆရာလိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ပေါ် မူတည်၍ အလယ်တန်းပြနှင့် အထက်တန်းပြလုပ်သက် များ/နည်း တန်းစီဇယားဖြင့် စိစစ်ရွေးချယ်မည်။

(၆) **စာစစ်ဌာနများ**

အောက်ပါမြို့များတွင် စာစစ်ဌာနများ ဖွင့်လှစ်စစ်ဆေးသွားမည်ဖြစ်သည်-

| | | | |
|---|---|---|---|
| (က) | မြစ်ကြီးနားမြို့ | (ဆ) | မကွေးမြို့ |
| (ခ) | ဗန်းမော်မြို့ | (ဇ) | မန္တလေးမြို့ |
| (ဂ) | လွိုင်ကော်မြို့ | (ဈ) | တောင်ကြီးမြို့ |
| (ဃ) | ဟားခါးမြို့ | (ည) | လားရှိုးမြို့ |
| (င) | မင်းတပ်မြို့ | (ဋ) | ကျိုင်းတုံမြို့ |
| (စ) | မုံရွာမြို့ | (ဌ) | နေပြည်တော် |

(၇) **ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့်အစီအစဉ်**

(က) နေ့ရက် ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့)

(ခ) အချိန် ။ နံနက် ၉ နာရီမှ ၁၂ နာရီအထိ

(၈) **အသေးစိတ်အချက်အလက်များကို သိရှိလိုပါက**

ဒေါ်ညွန့်ညွန့်သိန်း ဌာနမှူး(သင်တန်းရေးရာ) စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ဖုန်း-၀၇၂-၂၂၀၆၉၊ ၀၉-၄၂၀၁၂၀၈၉၄ တို့တွင် စုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## စစ်ကိုင်းပညာရေးတက္ကသိုလ်
## ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
## ပညာရေးဘွဲ့စာပေးစာယူ (၂)နှစ်သင်တန်း (ပထမနှစ်)
## ဝင်ခွင့်လျှောက်လွှာ (ဝင်ခွင့်စာမေးပွဲ/လုပ်သက်တန်းစီ)

ဓာတ်ပုံ

| | | လျှောက်ထားသူ | အဖ | အမိ |
|---|---|---|---|---|
| အမည် | (မြန်မာ) | | | |
| | (အင်္ဂလိပ်) | | | |
| လူမျိုး | | | | |
| ကိုးကွယ်သည့်ဘာသာ | | | | |
| နိုင်ငံသားမှတ်ပုံတင်အမှတ် | | | | |
| မွေးသက္ကရာဇ် | | | | |
| လက်ရှိရာထူးနှင့် ဌာန/ကျောင်း | | | | |
| လျှောက်ထားသူ၏အမြဲတမ်းနေထိုင်သည့်လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ်- | | | | |

| ပညာအရည်အချင်း | ဘွဲ့အမျိုးအစား | အဓိကဘာသာ | အောင်မြင်သည့် တက္ကသိုလ် | အောင်မြင်သည့် ခုနှစ် |
|---|---|---|---|---|
| မူလဘွဲ့ | | | | |
| ဘွဲ့လွန် | | | | |

| ဖြေဆိုလိုသောအထူးပြုဘာသာရပ် | |
|---|---|

ပညာရေးအမှုထမ်းသက်တမ်းဖော်ပြချက်ဇယား (၃၁-၁၂-၂၀၁၆ရက်အထိ တွက်ချက်ရန်ဖြစ်သည်။)

| စဉ် | ရာထူး | ကျောင်း/ရုံး | မှ | | | ထိ | | | ကာလ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရက် | လ | နှစ် | ရက် | လ | နှစ် | ရက် | လ | နှစ် | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| ပညာရေးလုပ်သက်စုစုပေါင်း | | | | | | | | | | | | |

ရွေးချယ်တက်ရောက်ခွင့်ရ၍ ပညာရေးဘွဲ့ရရှိပြီး ရာထူးတိုးမြှင့်ခြင်းခံရပါက မည်သည့်ဒေသကိုမဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်။

အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

**လျှောက်ထားသူလက်မှတ်** ----------------

**လျှောက်ထားသူအမည်** ----------------

## ဌာနဆိုင်ရာထောက်ခံချက်

ဦး/ဒေါ်-----------၏ ပညာအရည်အချင်း၊ အသက်နှင့် အမှုထမ်းသက်များကို ရုံးရှိ အမှုထမ်းစာအုပ်ဖြင့် ကိုယ်တိုင်စစ်ဆေးကြည့်ရှုပြီးနောက် မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်။

**ရုံးတံဆိပ်**

**ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံလက်မှတ်** ------------------

**ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံအမည်** -------------------

**ထပ်ဆင့်ထောက်ခံပါသည်။**

**ရုံးတံဆိပ်**

**မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲလက်မှတ်** ------------

**မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲအမည်** --------------

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လမ်းခင်းကျောက်ရွယ်စုံနှင့် လမ်းနှင့်ဆက်စပ်ပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၈-၁၂-၂၀၁၆ ရက် ၁၂:၀၀ နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၉-၁၂-၂၀၁၆ ရက် ၀၈:၃၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ နေပြည်တော်(စီလမ်းဆုံ)

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၀၁၄၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးသုတေသနဦးစီးဌာန
### နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဝန်ထမ်းအိမ်ရာမွမ်းမံပြင်ဆင်ခြင်း (အမိုး၊ ကြမ်းခင်းနှင့်ဆေးသုတ်) (၅၀)လုံး
(ခ) အမျိုးသမီးဆောင်မွမ်းမံပြင်ဆင်ခြင်း (၃)လုံး
(ဂ) မျိုးစေ့အခြောက်ခံစက်ရုံအဆောက်အအုံအဆင့်မြှင့်တင်ခြင်း (၁)ခု
(ဃ) သုတေသနရုံးပြင်ဆင်ခြင်းလုပ်ငန်း (၁)ခု
(င) အပင်တစ်သျှူးမွေးမြူရေးဓာတ်ခွဲခန်းအဆင့်မြှင့်တိုးချဲ့ခြင်း (၁)ခု
(စ) သုံးထောင့်အဆောက်အအုံအား ရုံးခန်းပြုလုပ်ခြင်း (၁)ခု

၂။ အိတ်ဖွင့်တင်ဒါ ပုံစံနှင့်စည်းကမ်းချက်များကို ၁-၁၂-၂၀၁၆ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၁၄-၁၂-၂၀၁၆ ရက် ၁၆:၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ဝယ်ယူ/ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | 1-16(T)/MESC/2016-2017 | 12M Concrete Pole (13)Nos (ပစ္စည်းဝယ်)<br>10M Concrete Pole (126)Nos (ပစ္စည်းဝယ်) |
| (ခ) | 1-17(T)/MESC/2016-2017 | 66/11kV(10)MVA Transformer (ပစ္စည်းဝယ်)<br>33/11kV (20)MVA Transformer (ပစ္စည်းဝယ်) |
| (ဂ) | 2-11(T)/MESC/2016-2017 | 33kV Line(4.5)Mile ညောင်မြင့်-ကုန်းသာ(မိတ္ထီလာ) (Turnkey) |
| (ဃ) | 2-12(T)/MESC/2016-2017 | 33kV Line (5)Mile ရတနာပုံခွဲရုံ-(၂၁)မိုင် (ပြင်ဦးလွင်) (Turnkey) |
| (င) | 2-13(T)/MESC/2016-2017 | 33kV နှင့် 11kV ဓာတ်အားလိုင်းများအတွက် ဓာတ်အားလိုင်းပစ္စည်းများ ဝယ်ယူခြင်း |
| (စ) | 2-14(T)/MESC/2016-2017 | မန္တလေး ကျုံးဘေးပတ်လည် လမ်းလယ်ကျွန်းတွင် လမ်းမီးများ ထွန်းရန်အတွက် ၄၀၀ဗို့ဓာတ်အား လိုင်းတည်ဆောက်ခြင်း (Turnkey) |
| (ဆ) | 1-18(T)/MESC/2016-2017 | 400 V,3 Phase, 135 kVA Diesel Generator(2)Nos (ပစ္စည်းဝယ်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၁၁-၂၀၁၆ ရက်တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး ၆-၁၂-၂၀၁၆ ရက် မွန်းလွဲ ၁:၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇ လမ်း၊ ၇၇×၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၉၁၂၄၊ ၀၂-၆၉၁၂၁**

### "အများသိစေရန်"

ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်လှိုင်၏မွေးစားသမီး မဗိုဗိုဝင်းလှိုင် (ခ)မေကျော့(ခ)သော်သော်သည် မိဘများအား ကိုယ်ရော စိတ်ပါဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ သားသမီးရင်းကဲ့သို့ မိဘဆုံးမစကားကို နာခံမှုမရှိသောကြောင့် ကိတ္တိမမွေးစားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအတွက် မွေးစားမိဘတို့၌ လုံးဝတာဝန်မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဒေါ်လက်လက်လင်း | ဦးအောင်ဥာဏ်မင်း | ဒေါ်အေးသဲခိုင် |
| စဉ်-၂၉၄၃၅ | စဉ်-၂၉၀၉၁ | စဉ်-၄၁၃၅၄ |

( အထက်တန်းရှေ့နေများ )
"ဝင်းထက်" ဥပဒေလုပ်ငန်း နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း
အမှတ်(၁၀၁)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
### ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချနိုင်မည့်ဈေးနှုန်း၊ ပစ္စည်းနမူနာနှင့်အတူ တင်ဒါလာရောက်ပေးသွင်းနိုင်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုငွေ(ကျပ်သန်း) |
|---|---|---|---|
| ၁ | (၇') အမိုးသွပ် (Gate 30) | ၂၀၀၀၀ ချပ် | ၁၁၂.၀၀၀ |
| ၂ | မိုးကာလိပ် (၆×၃၀၀') | ၅၀၀ လိပ် | ၇၅.၀၀၀ |

၂။ တင်ဒါလျှောက်လွှာနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်းဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၁၁-၂၀၁၆ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၂-၁၂-၂၀၁၆ရက် ၁၆:၃၀နာရီ
(ဂ) **တင်ဒါပုံစံတစ်စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်

၃။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့် ကယ်ဆယ်ရေးပစ္စည်းများ၏ အသေးစိတ်စာရင်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၉၅၊ ၀၆၇-၄၀၄၃၁၇ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုမည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | 1-15(T)/MESC/2016-2017 | 4 Unit Transparent Meter Box with Breaker & Accessories (500)Sets |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၁၁-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၃-၁၂-၂၀၁၆ရက် မွန်းလွဲ ၁:၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ခုတင်(၃၀၀)ဆံ့သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူသည့် လူနာများဆေးကုသပေးရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ်အတွက် အောက်ဖော်ပြပါတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁-၂၀၁၇ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၈၀၃၄၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အေးသာယာရပ်ကွက်၊ အေးသာယာ (၁)လမ်း၊ အမှတ် ၃၁ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၅၃၅-က၊ မြေကွက်အမှတ် ၃၁၊ ဧရိယာ(ပေ၅၀×ပေ၃၀) ၁၅၀၀ စတုရန်းပေရှိ ဒေါ်အေးအေးလှလှဦး (DNU-၁၂၄၄၆၈) အမည်ဖြင့် မြေချပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်စောရှင် ၁၂/မဂဒ(နိုင်)၀၄၅၆၄၈ ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်မြတ်ချို** | **ဦးမောင်မောင်လေး** |
| **စဉ်-၁၀၀၅၆** | **စဉ်-၁၀၀၉၈** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက် ၉/၁၁၊ အခန်း(၁၀၃-စီ) ပထမထပ်၊ ၃၆ လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၉၀၂၆၈**

### မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
### ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
## သင်တန်းသား လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ကျောက်မျက်ရတနာအချောထည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှဦးစီး၍ ရွှေကြာပင်ကျောက်မျက်ရတနာဈေးရှိ ကျောက်မျက်ရတနာသင်တန်းကျောင်း (Gems Training Centre)တွင် ဖွင့်လှစ်မည် အောက်ပါသင်တန်းများအတွက် စိတ်ပါဝင်စား၍ သင်တန်းတက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

(က) ကျောက်စိမ်းကျောက်ဖြတ်သင်တန်း
(ခ) ကျောက်စိမ်းကျောက်သွေးသင်တန်း
(ဂ) ကျောက်စိမ်းကွန်ပျူတာပန်းပုသင်တန်း
(ဃ) ကျောက်စိမ်းစက်ပန်းထိမ်သင်တန်း
(င) ပတ္တမြား၊ နီလာနှင့် ကျောက်မျက်ရတနာသင်တန်း

၂။ သင်တန်းသားအရည်အချင်း-အပိုဒ်ခွဲ(ဂ)ပါ ကျောက်စိမ်းကွန်ပျူတာပန်းပုသင်တန်းအတွက် ပညာအရည်အချင်း (၁၀)တန်းရှိရမည်ဖြစ်ပြီး ကျန်သင်တန်းအားလုံးအတွက် ပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်မရှိပါ။

၃။ လျှောက်လွှာများကို မဏိရတနာကျောက်စိမ်းခန်းမ၊ သပြေကုန်းရပ်ကွက်၊ နေပြည်တော်သို့ ၉-၁၂-၂၀၁၆ ရက် (ရုံးချိန်) နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၂၃၈၁၊ ၀၆၇-၄၃၂၃၈၄၊ ၀၉-၇၈၃၈၈၁၁၀၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကျောက်မျက်ရတနာအချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၆ခုနှစ် ဇာရီမှုအမှတ်-၅

| | | |
|---|---|---|
| ဒေါ်နန်းမိုင်ငင်း | နှင့် | ဦးစိုင်းရုံး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

